



# ဖက်ဒရယ် ပြည်ထောင်စုဆီသို့

အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)
Women's League Of Burma (WLB)

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်းနောက်ခံ ကွဲပြားသည့်တိုင်းရင်းသူအမျိုးသမီးအဖွဲ့အစည်းပေါင်း (၁၃)ဖွဲ့ဖြင့်ဖွဲ့စည်းထားသည်။ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ၊ (၉)ရက်နေ့တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီးများ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် အရည်အချင်းပြည့်ဝစေရေးအတွက်သာမက အရည်အချင်းမြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်းတင်ခြင်းများမှတဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအပါအဝင် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်လာစေရေးအတွက် ဦးတည်ဆောင်ရွက်လျှက်ရှိသည်။

## ရည်ရွယ်ချက်များ

- အမျိုးသမီးများ စွမ်းရည်မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး
- ကျား/မ တန်းတူရေး
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေး
- လူမှုကဏ္ဍအသီးသီးနှင့် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်လာရေး
- ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေး

## ဦးဆောင်စီစဉ်ကျင်းပသည့်အဖွဲ့

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

## ဦးဆောင်ပံ့ပိုးသူ

နာင်းမို့မို့

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

## ရက်စွဲ

ဖေဖော်ဝါရီလ (၁၂) ရက် ၂၀၂၄ ခုနှစ်

## အချိန်

ည ၇ နာရီ – ၉ နာရီ

(မြန်မာစံတော်ချိန်)

## ကျင်းပသည့်နေရာ

**ZOOM**

## ဦးဆောင်ဆွေးနွေးသည့်ခေါင်းဆောင်များ

**နိုးနိုးထက်စံ** – လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS)

**သွင်လင်းအောင်** – General Strike Committee (GSC)

**Sophia Day Myar** – Karenni State Sonsultative Council (KSSC)

**နော်ဆဲဆဲ** – အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

**ပဒိုတာဒိုမူး** – ကရင်အမျိုးသားအစည်းအရုံး (KNU)




**နာင်းဗိုဗို**
အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)




## နာင်းမိုမို့

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)


အားလုံးမင်္ဂလာပါ။ ကျမတို့ရဲ့ ဖက်ဒရယ်ပြည်ထောင်စုဆီသို့ စကားဝိုင်းဆွေးနွေးပွဲကို ပါဝင်ပေးတဲ့ ဆရာ၊ ဆရာမတစ်ဦးချင်းစီကိုလည်း ကျေးဇူးတင်တယ်လို့ပြောကြားချင်ပါတယ်။ ဒီစကားဝိုင်းဆွေးနွေးပွဲကို လည်း မီဒီယာက နေတစ်ဆင့်ထုတ်လွှင့်နေပါတယ်။ Live ကနေကြည့်ရှုနားထောင်ပေးတဲ့ တစ်ဦးချင်းစီကိုလည်း နှုတ်ခွန်းဆက်သပါတယ်။ ဒီဖက်ဒရယ်ပြည်ထောင်စုဆီသို့ ဆိုတဲ့ အွန်လိုင်းဆွေးနွေးပွဲကို ဒီနေ့ကျရောက် တဲ့ ပြည်ထောင်စုနေ့မှာ ကျင်းပမယ်လို့ ကျမတို့အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေနဲ့ ကြိုတင်လျာ ထားခြင်းမဟုတ်ဘူး။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ဒီစကားဝိုင်းဆွေးနွေးပွဲက ပြည်ထောင်စုနေ့နဲ့သွားတိုက်ဆိုင်နေ တာဖြစ်တယ်။ တိုက်ဆိုင်သွားတဲ့အတွက် ဆွေးနွေးမှုတွေ ပိုပြီးအားကောင်းသွားမယ်လို့မြင်ပါတယ်။ ပြည်ထောင်စုနေ့ဆိုပေမယ့်လည်း တကယ်တမ်းကျတော့ ပြည်ထောင်စုနဲ့ ဝေးကွာနေတာ၊ ပြည်ထောင်စုရဲ့ အနှစ်သာရဖြစ်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တန်းတူခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ အဲ့ဒီအခွင့်အရေးတွေကို ချိုးဖောက်ခံရတာ နှစ်ပေါင်း (၇၀) ကျော်လာပြီဖြစ်တယ်။

ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းရေးကို ကျမတို့တိုက်ပွဲဝင်လုပ် ဆောင်လာခဲ့တာ နှစ်ပေါင်းများစွာ ရှိခဲ့ပြီဖြစ်တယ်။ အထူးသဖြင့် လက်နက်ကိုင် တော်လှန်တာပဲဖြစ်ဖြစ် အခြား နည်းလမ်းပေါင်းစုံနဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ထွန်းဖို့ကို တိုက်ပွဲဝင်ခဲ့တာ နှစ်ပေါင်းများစွာရှိပြီ ဖြစ်တယ်။ အထူးသဖြင့် ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေကနေ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တန်းတူခွင့်အတွက် တိုက်ပွဲဝင်ခဲ့တာ နှစ်ပေါင်းများစွာကြာနေပြီဖြစ်တယ်။ (၂၀၂၁) မှာ စစ်တပ်ကနေပြီးတော့ တကျော့ပြန်ပေ့ါ။ ကျမတို့အနေနဲ့ စစ်အာဏာရှင်တော်လှန်ရေးပဲဖြစ်ဖြစ် (၂၀၂၁) မှာမှ စတင်တာ မဟုတ်ဘူး။ တော်လှန်ရေးသည် စတင်ခဲ့တာကြာပြီဖြစ်တယ်။ ဒါပေမယ့် ၂၀၂၁ တကျော့ပြန် အာဏာသိမ်းပြီးတဲ့နောက်မှာဆိုရင် အထူးသဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနဲ့ ပတ်သက်ပြီးတော့ တော်လှန်ရေး အင်အားစုတွေက ပြည်ထောင်စုပေါ် ထွန်းမှပဲရမယ်ဆိုပြီး တညီတညွတ်တည်းနဲ့ တော်လှန်တိုက်ပွဲ ဝင်နေတာလည်းတွေ့ရတယ်။ ဒီနေ့ အွန်လိုင်း စကားဝိုင်း ကျင်းပပြုလုပ်ရခြင်းရဲ့ ရည်ရွယ်ချက်က (၂၀၂၁) အာဏာသိမ်းပြီးနောက်ပိုင်းမှာ အခင်းအကျင်းတွေ အများကြီးရှိလာတယ်။ နိုင်ငံရေးဆွေးနွေးတဲ့ အခင်းအကျင်းတွေ၊ ပဋိပက္ခတွေကို အဖြေရှာတဲ့ အခင်းအကျင်းတွေ အများကြီးရှိလာတယ်။

သုံးနှစ်တာ ကာလအတောအတွင်းမှာဆိုရင်လည်း ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းဖို့ တညီတညွတ်တည်း တော်လှန်တိုက်ပွဲ ဝင်နေကြတာဖြစ်တယ်။ အဲ့ဒါကြောင့်မို့ ပထမအချက်အနေနဲ့ ဖက်ဒရယ်ဒီမိုကရေစီပေါ်ထွန်းရေးနဲ့ ပက်သက်ပြီးတော့ လုပ်ဆောင်ချဉ်းကပ်တဲ့အခါမှာ တိုးတက်ပြောင်းလဲမှုတွေ အခြေအနေ ဘယ်လိုရှိနေသလဲ၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ကြိုးပမ်းတဲ့အခါမှာ စိန်ခေါ်မှုတွေနဲ့ အကြပ်အတည်းတွေက ဘာတွေဖြစ်မလဲဆိုတာက ပထမအချက်အနေနဲ့ ဆွေးနွေးသုံးသပ်နိုင်ဖို့ ရည်ရွယ်ချက် တစ်ခုဖြစ်ပါတယ်။ နောက်ရည်ရွယ်ချက်တစ်ခုကတော့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ထွန်းရေး ကြိုးပမ်းတဲ့အခါမှာဆိုရင် အားလုံးပါဝင်ရေးနဲ့တန်းတူရေးကို လက်တွေ့ အကောင်အထည်ဖော်ဖို့က အရမ်း အရေးကြီးတယ်။ ဆိုတော့ တကယ့်ကြိုးပမ်းတဲ့အခါတွေမှာ အားလုံးပါဝင်ရေးနဲ့ တန်းတူရေးကို လက်တွေ့ အကောင်အထည်ဖော်နေတဲ့ အခြေအနေတွေက ဘယ်လောက်ထိရှိနေသလဲဆိုတာ ဆွေးနွေးသုံးသပ်လာနိုင်ဖို့ ဖြစ်တယ်။

ဒီနေ့အွန်လိုင်းဆွေးနွေးပွဲစကားဝိုင်းမှာ ပါဝင်ဆွေးနွေးပေးမယ့် ဆရာ၊ ဆရာမတွေနဲ့ ပထမဦးဆုံး မိတ်ဆက်ပေးချင်ပါတယ်။ ဆရာမနော်ဆဲဆဲ ပါပါတယ်။ ဆရာမနော်ဆဲဆဲဆိုရင် ကျမတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က ဆရာမ တစ်ယောက်ဖြစ်ပါတယ်။ ၂၀၂၁ နောက်ပိုင်းမှာပဲ မကဘဲနဲ့ ဒီမတိုင်ခင်မှာလည်း အထူးသဖြင့် ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ ကျား/မ တန်းတူရေးကိစ္စတွေ၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ပေါ်ထွန်းရေးကိစ္စကိုလည်း တစ်စိုက်မတ်မတ် လုပ်ဆောင်ခဲ့တဲ့ဆရာမဖြစ်တယ်။ လက်ရှိမှာလည်း အမျိုးသမီး များအဖွဲ့ချုပ်မြန်မာနိုင်ငံမှာ ပါဝင်လုပ်ဆောင်နေတဲ့ ဆရာမဖြစ်ပါတယ်။

ဒုတိယကတော့ ဆရာမနိုးနိုးထက်စံ ဖြစ်ပါတယ်။ ဆရာနိုးနိုးထက်စံဆိုရင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ဆရာမဖြစ်ပါတယ်။ ဆရာမဆိုရင် တော်လှန်ရေး အတွေ့အကြုံရှိတဲ့ ဆရာမတစ်ဦးဖြစ်တယ်။ ဆရာမအတွေ့အကြုံတွေ၊ လုပ်ဆောင်ခဲ့တဲ့အရာ တွေကို ဖလှယ်သုံးသပ်ပေးနိုင်မယ့် ဆရာမဖြစ်ပါတယ်။ နောက်ဆရာမတစ်ယောက်က Sophia Day Myar ဖြစ်ပါတယ်။ လက်ရှိမှာဆိုရင် ကရင်နီအတိုင်ပင်ခံကောင်စီလို့အများသိကြတဲ့ KSCC မှာတက်တက်ကြွကြွ လှုပ်ရှား နေတဲ့ ဆရာမတစ်ဦးဖြစ်တယ်။ ဆရာမဆိုရင်လည်း ကရင်နီပြည်နယ်အဆင့်မှာ ဖက်ဒရယ်နဲ့ပတ်သက်ပြီးတော့ တည်ဆောက်တဲ့ အတွေ့အကြုံတွေအများကြီးရှိတယ်ဆိုတော့ အဲ့ဒီအရာနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးပေး မယ့် ဆရာမဖြစ်တယ်။ ပြီးတော့ ဆရာသွင်လင်းအောင်ဖြစ်ပါတယ်။ GSC မှာပါဝင်လှုပ်ရှားနေတဲ့ ဆရာ တစ်ဦး ဖြစ်ပါတယ်။ ဆရာဆိုရင် ၂၀၂၁ အာဏာမသိမ်းခင်ကတည်းက လှုပ်ရှားမှုတွေမှာပါဝင်ခဲ့တဲ့ ဆရာတစ်ဦးဖြစ် ပါတယ်။ နောက်ဆုံးအနေနဲ့ ပဒိုတာဒိုမူးဖြစ်ပါတယ်။ ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) က ဖြစ်ပါတယ်။ တကယ့်ကို အများကြီးလေ့လာရမယ့် သုံးသပ်ချက်တွေကို အများကြီးနားထောင်ရမယ့် အတွေ့အကြုံ ရှိတဲ့ ဝါရင့်တဲ့ ဆရာတစ်ဦးဖြစ်ပါတယ်။ ပါဝင်ဆွေးနွေးပေးမယ့် ဆရာ/ဆရာမတွေ အကုန်လုံးကို အများကြီး ကျေးဇူးတင်ပါတယ်။

*ပထမဦးဆုံးအနေနဲ့ ဆရာသွင်လင်းအောင်ကို မေးခွန်းမေးချင်ပါတယ်။ ၂၀၂၁၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှာစစ်တပ်ကနေ အာဏာသိမ်းလိုက်တယ်။ အာဏာသိမ်းပြီးတဲ့နောက်ပိုင်းမှာ ပြည်သူလူထုတစ်ရပ်လုံးက ပုံစံအမျိုးမျိုးနဲ့ ဆန့်ကျင်ကြတယ်။ ကျမတို့ ဆန့်ကျင်တဲ့အခါမှာ လမ်းပေါ်မှာထွက်ပြီး ဆန္ဒထွက်ပြတဲ့အခါမှာ စစ်အာဏာရှင်အမြစ်ပြုတ်ဖို့၊ ၂၀၀၈ ဖွဲ့စည်းပုံဖျက်သိမ်းဖို့ဆိုတဲ့ဟာတွေကို ကျမတို့ကြွေးကြော်ခဲ့ကြတယ်။ အဲ့ဒီအပြင်ကို ဖက်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ထွန်းရေးဆိုတဲ့ဟာကိုလည်း အစပိုင်းမှာကတည်းက ကြွေးကြော် ခဲ့ကြတယ်။ ဆိုတော့ နှစ်ပေါင်း (၇၀) ကျော်တော်လှန်ရေးသက်တမ်းနဲ့ နောက်ဆက်တွဲ (၃) နှစ်တာ စစ်တပ်က အာဏာသိမ်းပြီးတဲ့ ခရီးစဉ်မှာ ကျမတို့တိုက်နေတဲ့စစ်အာဏာရှင်က ဘယ်လောက်ထိယိုင်လဲသွားပြီလဲ၊ တစ်ဖက်မှာ စစ်အာဏာရှင်ပပျောက်ဖို့ပဲကြွေးကြော်ပြီးတော့ တော်လှန်ခဲ့တာမဟုတ်ဘူး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ထွန်းဖို့ကိုပါ တော်လှန်ခဲ့ကြတာဖြစ်တယ်။ အဲ့တော့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ခရီးလမ်းကရော ဘယ်လောက်ထိရောက်နေပြီလဲ၊ ဖက်ဒရယ်ပြည်ထောင်စုက နီးနေပြီလားဆိုတာ ဆရာသွင်လင်းအောင်အနေနဲ့ ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ချင်ပါတယ်။*


UNG
CI
သွင်လင်းအောင်
စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး အထွေထွေသပိတ်ကော်မတီ
Podcasts



## သွင်လင်းအောင်
**စစ်အာဏာရှင်စနစ်တိုက်ဖြတ်ရေး အထွေထွေသပိတ်ကော်မတီ**

ကျတော့်ကို ဒီစကားဝိုင်းမှာဆွေးနွေးဖို့ ဖိတ်ခေါ်ပေးတဲ့အတွက်လည်း အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကို ကျေးဇူးတင်ပါတယ်။ အခုမေးခွန်းကတော့ နှစ်ပိုင်းလို့မြင်တယ်။ ပထမတစ်ခုကတော့ စစ်အာဏာရှင် ကိုအမြစ်ဖြတ်ဖို့ ကြိုးစားနေတဲ့ တိုက်ပွဲဝင်တဲ့အခါမှာ စစ်အာဏာရှင်တွေက ဘယ်လောက်အထိပြိုလဲနေတဲ့ အခြေအနေရှိလဲ ဒါကတစ်ပိုင်းပေ့ါ။ ဒုတိယတစ်ပိုင်းကတော့ ကျတော်တို့သွားချင်တဲ့ ပြည်ထောင်စုသစ်ကြီးဆီ ကိုသွားဖို့အတွက်လှမ်းနေတဲ့ ကျတော်တို့ရဲ့ မျှော်ရီရာလမ်းက ဘယ်လောက်ထိ ရောက်ပြီလဲဆိုတဲ့ နှစ်ခုလို့မြင် ပါတယ်။ စကစက ဘယ်လောက်ထိ ပြိုလဲနေလဲ၊ ဘယ်လောက်ထိ အခြေအနေဆိုးနေလဲဆိုတာကတော့ သတင်း မီဒီယာ၊ ဆိုရှယ်မီဒီယာအပေါ်မှာ မြင်တွေ့နေရတာရှိတယ်။ အဲ့မှာလည်း ရှင်းရှင်းလင်းလင်းမြင်ရပါတယ်။ နိုင်ငံ မှာဆိုရင် နိုင်ငံရဲ့ အရပ်မျက်နှာပေါင်းစုံ အရှေ့၊ အနောက်၊ တောင်၊ မြောက်မှာ တိုင်းရင်းသား တော်လှန်ရေး လက်နက်ကိုင်အဖွဲ့တွေ၊ ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေ အားလုံးကနေ ဝိုင်းဝန်းပြီးတော့ တိုက်ပွဲ ထိုးစစ်ဆင် နေတာလည်းတွေ့ရပြီးတော့ အဲ့အပေါ်မှာလည်း သူတို့တော်တော်လေးအခြေအနေဆိုးနေပြီးတော့ မြေပြင် တပ်တွေဆိုရင် လက်နက်ချတာတွေ၊ အခြားကိုထွက်ပြေးတာတွေ၊ ဖမ်းဆီးခံရတာတွေ၊ အကျအဆုံးများတာ တွေကို တွေ့နေရတယ်။ သူတို့က အခုဆိုရင်လေကြောင်းကနေတိုက်ခိုက်နိုင်တာတစ်ခုပဲရှိတယ်။ ဒါတောင်မှ လေယာဉ်တွေကို ဒီဘက်ကနေပြီး ခပ်စိပ်စိပ်လေး ပစ်ချလာနိုင်တဲ့အခြေအနေမျိုးတွေ တွေ့ရတဲ့အတွက် သူတို့က တော်တော်လေးအခြေအနေဆိုးတဲ့ အနေအထားတွေ တွေ့ရတယ်။

နောက်တစ်ခုက နယ်မြေစိုးမိုးမှု မှာလည်း မြို့တွေ တော်တော်များများကို တော်လှန်ရေး အင်အားစုတွေဘက်က သိမ်းနိုင်တာပိုပြီး များလာတယ်။ (၇၀) ရာခိုင်နှုန်းကျော်လောက်ကို စိုးမိုးထားနိုင်တယ်လို့ ပြောလို့ရတဲ့အခြေအနေမျိုး ဖြစ်လာတယ်။ ကျန်တဲ့ (၃၀) ရာခိုင်နှုန်းကလည်း အပြည့်အဝ စိုးမိုးနိုင်တာမျိုး မဟုတ်ဘဲနဲ့ အဲ့ဒီ နေရာဒေသတွေမှာလည်း တိုက်ခိုက်မှုတွေက မကြာခဏဆိုသလို ဖြစ်ပေါ်နေတဲ့ အခြေအနေမျိုးတွေ ရှိနေတယ်။ ဒါကတော့ သတင်း မီဒီယာတွေမှာ မြင်ရတဲ့ဟာပေ့ါ။ တိတိကျကျ သုံးသပ်ကြည့်မယ်ဆိုရင် သူတို့ထဲမှာ ယိမ်းယိုင်ပြီးတော့ တပ်သား အင်အားတွေလည်း အများကြီး ဆုံးရှုံးပြီးတော့ လိုအပ်နေတယ်ဆိုတာ သူတို့ဘက်က ဖမ်းမိတဲ့လူတွေ၊ CDM လုပ်တဲ့လူတွေဆီကနေ တစ်ဆင့် သိရတယ်။ အချက်အလက်အရဆိုရင် တပ်ထဲကနေပြီးတော့ အငြိမ်းစားယူတဲ့ လူတွေ၊ ထွက်သွားတဲ့လူတွေကို ပြန်ပြီး စစ်မှုထမ်းဖို့ ဆင့်ခေါ်တာ ပထမအကြိမ်တွေ့ရတယ်ဆိုတော့ သေချာတယ် ဒါက သူတို့ အင်အား အရမ်းလိုနေပြီ။ ဒုတိယအကြိမ်အနေနဲ့ ပြစ်ဒဏ်ကျခံရတဲ့ အကျဉ်းသားတွေကို စစ်တပ်က လွှတ်ပေးပြီးတော့ ပြန်ပြီး တာဝန်ထမ်းဆောင်ဖို့ဆိုပြီးတော့ သူတို့လုပ်တာတွေရှိတယ်။

အခုနောက် ဆုံးကတော့ သေချာတာကတော့ နိုင်ငံသားတိုင်းစစ်မှု မထမ်းမနေရဆိုတဲ့ ဥပဒေကိုသူတို့အတည်ပြုပြီး ကျင့်သုံးဖို့ လုပ်လိုက်ရတဲ့ အခြေအနေဆိုရင် တော်တော်ကို ရှင်းရှင်းလင်းလင်း တွေ့ရတယ်။ ဒီဥပဒေက သူတို့ ရေးခဲ့တာ တော်တော်ကြာပြီဆိုပေမယ့် သူတို့ အတည်မပြုရဲဘူး၊ မကျင့်သုံးရဲဘူး။ ဘာလို့လည်းဆိုတော့ သူတို့ကို ပြည်သူလူထု

က မုန်းနေတယ်ဆိုတာ သူတို့သိတယ်။ အဲ့အတွက် လူတွေရဲ့လက်ထဲကို သေနတ် မထည့်ပေးရဲဘူး။ ထည့်လိုက်ရင် သူတို့ဘက်ကို သေနတ်ပြောင်း လှည့်လာမှာ သူတို့သိတဲ့အတွက် ဒီဥပဒေကို ကျင့်သုံးဖို့ကို လုံးဝ တွန့်ဆုတ်ပြီး မကျင့်သုံးခဲ့တာဖြစ်တယ်။ ဒါပေမယ့် အခုအခြေအနေမှာတော့ သူတို့အတွက်က အကြံကုန် ဂဠုန်ဆားချက် ပုံစံမျိုးပေါ့။ မထူးတော့တဲ့ အခြေအနေ ဖြစ်တဲ့အတွက် သုံးလိုက်ရတဲ့ ပုံစံမျိုးဖြစ်လာတဲ့အတွက် ဒါတွေကို ကျတော်တို့ ကြည့်မယ်ဆိုရင် သူတို့ အင်အားဘယ်လောက်ထိ ဆုတ်ယုတ်နေပြီ သူတို့ဘယ်လောက် အထိပြိုလဲနေပြီ အခြေအနေ ဆိုးနေပြီဆိုတာကို ကောင်းကောင်းမြင်ရတယ်။ ဒါတွေက ကျတော်တို့ တော်လှန်ရေး အင်အားစုတွေဘက်က ကြိုးပမ်းမှုတွေက အဓိကဖြစ်ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ ကျတော်တို့ မျှော်မှန်းတဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု  ဆိုတဲ့အခါမှာ ကျတော့် အနေနဲ့ကတော့ ကျတော်တို့မျှော်မှန်းတဲ့ ပြည်ထောင်စုအသစ်ကြီးဆိုရင် ပိုမှန်မယ်။

ကျတော်တို့နိုင်ငံထဲမှာ နောက်ခံမတူတဲ့၊ ယှဉ်ကျေးမှု မတူတဲ့ သီးခြား စီနေမယ်ဆိုရင် နေလို့ရတဲ့ လူမျိုးတွေကနေပြီးတော့ အတူတူနေကြရအောင်ဆိုပြီး စုနေကြတာဖြစ်တယ်။ အဲ့တော့ လူမျိုးတစ်မျိုးချင်းစီတိုင်းရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်ဖို့က အရမ်းအရေးကြီးတယ်။

အဲ့တော့ အဲ့ဒီကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်ဖို့အတွက် လုပ်တဲ့အခါမှာ အစတုန်းကတော့ ဖက်ဒရယ်စနစ်နဲ့ အာမခံနိုင်ဖို့ လုပ်ခဲ့ကြတယ်။ အခုချိန်မှာတော့ ကျတော်တို့က ရှေ့ဆက်သွားတဲ့အခါမှာ ဖက်ဒရယ်စနစ်လည်း ဖြစ်ချင်ဖြစ်မယ်။ အခြားအားလုံးအတွက် သဘောထားတူတဲ့ စနစ်တစ်ခုလည်း ဖြစ်ချင်ဖြစ်မယ်။ အဲ့ဒါကြောင့် အားလုံး အတွက် ပိုမိုကောင်းမွန်တဲ့ ပြည်ထောင်စုသစ်ကြီးလို့ ကျတော်ကနေစပြီးတော့ ဒီစကားဝိုင်းမှာ သုံးနှုန်းချင်ပါတယ်။ အဲ့လို ပြည်ထောင်စုသစ်ကြီးကို ချီတက်ဖို့အတွက် လုပ်ဆောင်ကြတဲ့အခါမှာ လက်ရှိအခြေအနေကို သုံးသပ်မယ်ဆိုရင် နှစ်ခုနဲ့ သုံးသပ်ရမယ်လို့မြင်တယ်။ ပထမတစ်ခုကတော့ ဘယ်လောက်အထိ နယ်မြေစိုးမိုး နိုင်ပြီလဲ။

ဒုတိယတစ်ခုကတော့ ကျတော်တို့ တိုင်းရင်းသား အင်အားစုတွေကြားထဲက ညှိနှိုင်းမှုတွေ ဘယ်လောက်ခရီး ရောက်နေပြီလဲဆိုတာ သုံးသပ်ရမယ်ထင်တယ်။ ဘာလို့လည်းဆိုတော့ ပထမတစ်ခုနဲ့သုံးသပ် ရတယ်ဆိုတာကလည်းကျတော်တို့က ပြည်ထောင်စုကို တည်ဆောက်မယ်ဆိုရင် အဲ့လိုတည်ဆောက်ဖို့အတွက် နယ်မြေဧရိယာတွေ ရှိနေဖို့လိုတာပေ့ါ။ အဲ့ဒီနယ်မြေဧရိယာရှိမှ အဲ့ဒီ နယ်မြေဧရိယာတွေပေါ်မှာ ပြည်ထောင်စု ကိုတည်ဆောက်ရမှာဖြစ်တယ်။ ဒါပေမယ့် ဒီမေးခွန်းရဲ့ အဖြေကတော့ ကျတော်အများကြီးဖြေစရာမလိုပါဘူး။ ရှေ့မှာ ဘယ်လောက်အထိ  တော်လှန်ရေး တပ်ဖွဲ့တွေက အောင်ပွဲခံနေပြီလဲဆိုတာမှာ ပါပြီးသားဖြစ်တဲ့အတွက် ကျတော်တို့ဘက်က (၇၀) ရာခိုင်နှုန်းကျော်ကို ထိန်းချုပ်ထားပြီဖြစ်တဲ့အတွက် အဲ့ဒေသတွေက ပြည်ထောင်စု သစ်တည်ဆောက်ဖို့အတွက် အဆင်သင့်ဖြစ်တဲ့ ဒေသတွေလို့ပြောလို့ရတယ်။ ဒါပေမယ့် တစ်ဖက်ကလေကြောင်း အန္တရာယ်တွေရှိနေတဲ့အတွက် အပြည့်အဝ မထိန်းချုပ်နိုင်သေးတဲ့အတွက် ဆက်လက်ပြီးတော့မှ တိုက်ပွဲဝင်နေတာတွေ မြင်နေရတယ်။ ဘာပဲဖြစ်ဖြစ် နယ်မြေရှုထောင့်ကကြည့်ရင် တော်တော်လေး ခရီးရောက် နေပြီလို့ ပြောလို့ရတယ်လို့မြင်ပါတယ်။ နောက်ထပ် ဒုတိယတစ်ခုကတော့ အင်အားစုတွေကြားထဲက ညှိနှိုင်း ထားမှုတွေပေ့ါ။ အဲ့ဒါကိုကြည့်မယ်ဆိုရင် အခု NUCC ဆိုပြီး အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံ ကောင်စီ ဆိုပြီး ဖွဲ့စည်းထားပြီးတော့ လုပ်ဆောင်နေတာရှိတယ်။ NUCC ကနေပြီးတော့မှ ဖက်ဒရယ်ဒီမိုကရေစီ ချာတာကို ရေးဆွဲပြီးတော့ တော်လှန်ရေးမှာ သွားနေတယ်။

NUCC အတွင်းနဲ့ NUCC ပြင်ပဆိုပြီးတော့ အဲ့လိုမျိုးသုံးသပ် ကြည့်ပါမယ်။ NUCC အတွင်းမှာတော့ ချာတာ အရသွားနေတာရှိတယ်။ ချာတာအထဲမှာတော့ အခုစစ်အာဏာ ရှင်စနစ်ကိုဖယ်ရှားမယ်။ ကြားကာလလို့ သတ်မှတ်ပြီးတော့ စစ်အာဏာရှင်အကုန်အစင်အမြစ်ပြတ်သွားရင် ဖက်ဒရယ်ဒီမိုကရေစီကို သွားဖို့ကို ပြင်ဆင်ဖို့ အသွင်ကူးပြောင်းရေးကာလဆိုတာ ကြားထဲမှာ တစ်ခုခံပြီးထားတယ်။ အဲ့ဒီ အသွင်ကူးပြောင်းရေး ကာလကို ရောက်မှတော့ ဖက်ဒရယ်ဒီမိုကရေစီပဲဖြစ်ဖြစ် ပြည်ထောင်စုသစ် ပဲဖြစ်ဖြစ် အဲ့ဒီပြည်ထောင်စုက အခြေခံရမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုစပြီး

တော့ ရေးဆွဲမှာဖြစ်တယ်။ ဒါပေမယ့် အခုလောလောဆယ်မှာကတည်းက အဲ့ဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြည်ထောင်စုသစ်ကြီးအတွက် ဘာတွေပါသင့်လဲဆိုတဲ့ ကိစ္စတွေကို အခုကတည်းကစပြီးတော့ ညှိနှိုင်းနေတာတွေ၊ ဆွေးနွေးနေတာတွေ ကတော့ စပြီးတော့လုပ်ဆောင်နေတယ်။ အဲ့အတွက်လည်း JCC ဖက်ဒရယ်လို့ခေါ်တဲ့ Joint Coordination Committee for federal လို့ခေါ်တဲ့ ကော်မတီတစ်ခုကို NUCC နဲ့ NUG ကြားထဲမှာ ဖွဲ့စည်းပြီးတော့မှ လုပ်ဆောင်နေတာရှိတယ်။ အဲ့ဒီမှာက ဘယ်နိုင်ငံတွေမှာ ဘယ်လိုကျင့်သုံးတယ်၊ ဘယ်အချက်အလက်တွေ၊ မြန်မာနိုင်ငံမှာ ဘယ်လိုဖက်ဒရယ်တွေ လုပ်ခဲ့တယ်၊ ဘယ်လို ပြည်ထောင်စုတွေကို တည်ထောင်ဖို့ကြိုးစားခဲ့လဲ ဆိုတာကို လေ့လာမှုတွေ၊ ဆွေးနွေးမှုတွေ တောက်လျှောက်လုပ်နေတာမျိုးတွေ ရှိတယ်။ ဒါကတော့ NUCC အတွင်းမှာဖြစ်တယ်။ NUCC ပြင်ပကို ပြောမယ်ဆိုရင် လက်နက်ကိုင်တိုက်ပွဲတွေ တိုက်နေကြတယ်။

ကျတော် အဲ့မှာ ရှင်းရှင်းလင်းလင်းပြောချင်တာက နိုင်ငံတကာရော၊ တချို့ရောမြင်တာက နောက်ပြီး စကစကလည်း အဲ့လိုပဲမြင်အောင်လုပ်ထားတာက ဒီအဖွဲ့တွေက သေနတ်ပဲ ကိုင်တိုက်နေတယ်ဆိုတဲ့ အမြင်မျိုးမြင်အောင် လုပ်ထားတယ်။ တကယ်တော့ ဒီလက်နက်ကိုင်တိုက်နေတဲ့ အဖွဲ့တွေအားလုံးက နိုင်ငံရေး ဦးဆောင်တဲ့ အဖွဲ့တွေ အောက်မှာ တိုက်နေတာပါ။ ဥပမာ ကေအဲန်ယူဆိုရင် ပဒိုတို့လည်းပါတဲ့အတွက် ပိုသိပါတယ်။ ကေအဲန်ယူရဲ့ ဦးဆောင်မှုအောက်မှာ KNLA ကတိုက်နေတာပါ။ ကချင်ဆိုရင်လည်း KIO ရဲ့ နိုင်ငံရေး ဦးဆောင်မှုအောက်မှာ KIA ကတိုက်နေတာပါ။ AA ဆိုရင်လည်း ULA ရဲ့ နိုင်ငံရေး ဦးဆောင်မှုအောက်မှာ တိုက်နေတာဖြစ်တယ်။ အဲ့အတွက် ဒီနိုင်ငံရေး ဦးဆောင်မှုအဖွဲ့တွေ ကြားထဲမှာ နိုင်ငံရေး ဆွေးနွေးမှုတွေ တစ်စုံတစ်ရာလုပ်ထားပြီးမှ သာလျှင် ဒီလို ထိုးစစ်တွေဆင်နေမယ်ဆိုတာကို ကျတော်တို့ အခိုင်အမာ ပြောရဲပါတယ်။ ဒီလိုအခြေအနေမျိုး ရှိမယ်ဆိုတာ မြင်လို့ရပါတယ်။ နောက်ဆုံးအနေနဲ့ ပြောရမယ်ဆိုရင် တိုက်ခိုက် သိမ်းပိုက်သွားပြီးတဲ့ နေရာတွေ မှာ အုပ်ချုပ်ရေးတွေ ချက်ချင်း ထူထောင်နိုင်တယ်ဆိုတာ သူတို့ နိုင်ငံရေး ပြင်ဆင်မှုတွေ မလုပ်ခဲ့ဘဲနဲ့ လုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒီလိုနိုင်ငံရေး ပြင်ဆင်မှုတွေ လုပ်တယ်ဆိုတာ ခုနက ပြောတဲ့ ပြည်ထောင်စုသစ်ကြီးကို သွားတဲ့ ခြေလှမ်းအစတွေဖြစ်တဲ့အတွက် ကျတော်တို့ ပြည်ထောင်စုသစ်ကို သွားတဲ့ ခြေလှမ်းက တော်တော်လေးခရီး ရောက်နေပြီလို့ ကျတော့်အနေနဲ့ ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။



## နာင်းမိုမို

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**

ကျေးဇူးအများကြီးတင်ပါတယ်။ ကျမတို့တိုက်နေတဲ့ စစ်အာဏာရှင်က ဘယ်လောက်အထိ ဖရိုဖရဲဖြစ် နေပြီလဲ၊ တစ်ဖက်မှာကျမတို့ရဲ့ ဖက်ဒရယ်ခရီးစဉ်က ဘယ်လောက်အထိ ရောက်နေပြီလဲကို အကျဉ်းချုံးသုံးသပ် ပေးတဲ့ ဆရာ့ကို အများကြီး ကျေးဇူးတင်ပါတယ်။ ပြီးခဲ့တဲ့ တစ်ရက်နှစ်ရက်ကပဲ စစ်တပ်ကနေမှ စစ်မှုမထမ်း မနေရ ဥပဒေကိုအသက်သွင်းတာကို ကြည့်မယ်ဆိုရင်လည်း ဒါသည်သူတို့ဘက်မှာ ဘယ်လောက်အထိ လူအင်အားနည်းသွားလဲဆိုတာ ပေါ်လွင်စေတယ်။ တစ်ဖက်မှာလည်း အခုဆိုရင်သူက နယ်မြေတွေတော်တော် များများကို မအုပ်ချုပ်နိုင်ဘူး၊ မလည်ပတ်နိုင်တဲ့ အနေအထားတွေကို ကြည့်မယ်ဆိုရင် သုံးသပ်ချက်အရဆိုရင် (၇၀) ရာခိုင်နှုန်းလောက် နယ်မြေဒေသတွေကို သူတို့မအုပ်ချုပ်နိုင်တော့ဘူး။ ဒါတွေကလည်း ဘယ်လောက် အထိယိုင်လဲသွားပြီလဲဆိုတဲ့ သက်သေသာဓကတွေ ဖြစ်တယ်။ တစ်ဖက်မှာလည်း ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုလို့ ပြောတဲ့အခါမှာ ကျမတို့ အမြဲတမ်း အမေးခံရတာ၊ ကြားရတာ ရှိတယ်။

အခုဆိုရင် စစ်ရေးက အရမ်းကြီးကို ရှေ့ရောက်ပြီးတော့ နိုင်ငံရေးက နောက်ကျနေတယ်တို့ပေါ့။ ဒါပေမယ့်ဒီမှာ သုံးသပ်ပြတာလေးက အခုက စစ်ရေးတွေသည် သွားချင်တိုင်း သွားနေတာမဟုတ်ဘူး၊ လက်နက်ရှိလို့ တိုက်နေတာမဟုတ်ဘူး၊ စစ်ရေးသည် နိုင်ငံရေး၏ ဦးဆောင်မှုအောက်မှာ နိုင်ငံရေးရဲ့ ညှိနှိုင်းမှု အောက်ကနေမှ စစ်ရေးလှုပ်ရှားမှုတွေ၊ လက်နက် ကိုင်တော်လှန်ရေးတွေ ဆင်နွှဲတာဖြစ်တယ် ဆိုတာကိုလည်း သုံးသပ်ဆွေးနွေးပေးသွားတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုလို့ ပြောတဲ့အခါမှာ လက်ရှိရှိနေတဲ့ ပလက်ဖောင်းတွေဖြစ်တဲ့ NUCC လိုမျိုးအပြင်ကို ပြင်ပမှာလည်း ဆွေးနွေးညှိနှိုင်းတာမျိုးလည်းရှိတယ်။ အနာဂတ်ဖက်ဒရယ်မှာ ဘယ်လို ပုံစံနဲ့သွားချင်လဲ၊ ဘယ်လိုပုံစံနဲ့ တည်ဆောက်ကြမလဲဆိုတာ စတင်ညှိနှိုင်းနေတဲ့ကိစ္စတွေလည်းရှိနေပြီဆိုတာ ကိုလည်း ဆွေးနွေးပေးတာအများကြီးကျေးဇူးတင်ပါတယ်။ နောက်ဆုံးတစ်ခုအနေနဲ့ဆိုရင် ဖက်ဒရယ်ဖြစ်ရေး မဖြစ်ရေး၊ ဒီမိုကရေစီဖြစ်ရေး မဖြစ်ရေး ဆိုတာမျိုးထက်ကို ကျမတို့နိုင်ငံကတကယ့်ကိုစုံလင်ကွဲပြားတဲ့ လူတွေ နေထိုင်ကြတာဖြစ်တယ်။ အဲ့ဒီအတွက်ကြောင့် ဖက်ဒရယ်ဖြစ်ရေး မဖြစ်ရေး၊ ဒီမိုကရေစီဖြစ်ရေးမဖြစ်ရေး ဆိုတာမျိုးထက် စုံလင်ကွဲပြားတဲ့လူအုပ်စုတွေအချင်းချင်းကြားမှာ တန်းတူရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အာမခံ ချက်ပေးနိုင်တဲ့ အားလုံးအတွက်ပိုမိုကောင်းမွန်တဲ့စနစ်တစ်ခုကို သွားနေတယ်ဆိုတာမျိုးပေါ့။ ဒါကလည်း အရမ်းကိုကောင်းတဲ့ သုံးသပ်ချက် တစ်ခုဖြစ်တယ်။ ဆွေးနွေးပေးတဲ့အတွက်လည်း အရမ်းကို ကျေးဇူးတင်ပါတယ်။

*နောက်ထပ် Speaker တစ်ယောက်ဖြစ်တဲ့ ဆရာမနိုးနိုးထက်စံကို ဖိတ်ခေါ်ချင်ပါတယ်။ စောနက ကိုသွင်လင်းအောင် ကနေပြီးတော့ နည်းနည်းလေး အစချီသွားတာလည်းရှိတယ်။ အထူးသဖြင့် ဖက်ဒရယ်ဒီမိုကရေစီ ချာတာ ဆိုပြီးတော့ ထွက်လာတာရှိတယ်။ အဲ့မှာဆိုရင်လည်း စစ်အာဏာရှင်ကို ဘယ်လိုအမြစ်ပြုတ် တိုက်ကြမလဲ၊ တစ်ဖက်မှာ အသွင်ကူးပြောင်းရေးကာလ၊ ကြားကာလတွေကို ဘယ်လိုအစီအမံနဲ့သွားကြမလဲ ပါသလိုမျိုး တစ်ဖက်မှာ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနဲ့ ပတ်သက်ပြီးတော ဘယ်လိုပုံစံနဲ့ သွားကြမလဲဆိုတဲ့ အစိတ်အပိုင်းလေးတွေပါတယ်။ အဲ့တော့ဆရာမနိုးနိုးထက်စံကို ဆွေးနွေးစေချင်တာက ဖက်ဒရယ်ဒီမိုကရေစီ ချာတာက တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးရဲ့ မျှော်မှန်းတဲ့ ဖက်ဒရယ်ပြည်ထောင်စုအတွက် ဘယ်လောက်ထိ အထောက်အပံ့ ဖြစ်နေသလဲပေါ့။ ပြီးရင် ပါဝင်နေတဲ့ အစုအဖွဲ့ အသီးသီးရဲ့ အကောင်အထည်ဖော်နိုင်မှုနဲ့ ပတ်သက်ပြီးတော့ ဘယ်လောက်အထိ ခရီးရောက်နေပြီလို့ ဆရာမအနေနဲ့ သုံးသပ်သလဲ။ အဖွဲ့တွေကနေ အကောင်အထည်ဖော်တာ ဘယ်လိုပုံစံရှိသလဲဆိုတာ ဆရာမအနေနဲ့ သုံးသပ်ဆွေးနွေးပေးဖို့ ဆရာမနိုးနိုးထက်စံကို ဖိတ်ခေါ်ချင်ပါတယ်။*



**နိုးနိုးယက်စံ**

လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ




## နိုးနိုးထက်စံ

**လူထုဘောင်သစ်ဒီမိုကရက်တစ်ပါတီ**


ပထမဦးဆုံး ဒီစကားဝိုင်းမှာ ပါဝင်ခွင့်ရတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ပထမဆုံးအကြိမ် မေးခွန်းကို တိုက်ရိုက်ဖြေရမယ်ဆိုရင်တော့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအတွက် ဘယ်လောက်အရေး ပါလဲဆိုတော့ ဒီချာတာက ပြောရမယ်ဆိုရင် ကိုင်သုံးပြီးတော့ ဒီချာတာမှာပါတဲ့ အချက်အလက်တွေကို အသုံးပြု ပြီးတော့ အနာဂတ်မှာ ဘယ်လိုရေးဆွဲမလဲလို့ ပြင်ဆင်ရတဲ့ Working Document ဖြစ်တယ်။ အဲ့ဒီအချက်တွေမှာ ကြည့်မယ်ဆိုရင် ဘာပဲပြောပြော တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရည်ညွှန်းတဲ့ အခြေခံတွေ အများကြီးပါတယ်။

> ကျမတို့ တိုင်းပြည်မှာ တကယ်ဖြစ်နေတာကလည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပျောက်ဆုံးနေတဲ့ ပြဿနာအရင်းအမြစ်ဖြစ်တယ်။ အဲ့ဒီကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပျောက်ဆုံးခဲ့တဲ့အတွက် တန်းတူရေးပုံစံတွေက ပျောက်ဆုံးသွားတယ်။ တန်းတူရေးပုံစံပျောက်ဆုံးသွားတဲ့အတွက် ဒီနေ့ ဒီကာလ အထိ စစ်ဖြစ်တယ်ပေါ့လေ။

စစ်ဖြစ်တယ် ဆိုတာ နိုင်ငံရေးအရ နိုင်ငံရေးရည်မှန်းချက်တွေ မပြည့်မြောက်တဲ့အတွက် အဲ့ဒါကို ထိန်းချုပ်ထားတဲ့ သူတွေကို ပြန်ပြီးတော့ တိုက်ခိုက်တာဖြစ်တယ်။ ဒီကိစ္စကိုစကားနဲ့ပြောတယ်၊ မရဘူး။ မရတဲ့အခါကျတော့ စကားလည်း ပြောရတယ်၊ လက်နက်လည်းကိုင်ရတယ်။ နှစ်ခုစလုံး လုပ်ရတဲ့ အခြေအနေဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဓိက အတားအဆီး ဖြစ်နေတာက စစ်အာဏာရှင်စနစ် ဖြစ်နေလို့ပေါ့။ စစ်အာဏာရှင်စနစ် ဖြစ်နေတဲ့အခါကျ တော့ ဒီစစ်အာဏာရှင်စနစ်ကို အမြစ်ပြုတ် ချေမှုန်းရေးဆိုတဲ့ဟာက မဖြစ်ဘူးဆိုရင် ဖက်ဒရယ်ဒီမိုကရေစီကို တည်ဆောက်ဖို့ မြန်မာနိုင်ငံက ခက်မယ်။ အဲ့ဒါကြောင့်မို့ ဖက်ဒရယ်ဒီမိုကရေစီ ချာတာက လူထုတစ်ရပ်လုံး မျှော်မှန်းနေတဲ့ လိုချင်တဲ့ ဒီမိုကရေစီ ဖော်ဆောင်နိုင်တဲ့ Principle တွေရှိတယ်။

နောက်တစ်ခုက ဖက်ဒရယ် ပြည်ထောင်စုကို ဘယ်လိုသွားမလဲဆိုတဲ့ မျှော်ရည်စဉ်းစားတဲ့ စံတန်ဖိုးတွေရှိနေတယ်။ ဆိုတော့ ဒါက အများကြီး ဖြစ်နိုင်ချေရှိတယ်၊ အလားအလာရှိတယ်။ သို့သော် ကျမတို့ တိုင်းပြည်ရဲ့ အခက်အခဲက ဘာလဲဆိုရင် စုံလင်ကွဲပြားမှုကြားမှာ မတူညီတဲ့ပုံသဏ္ဍာန်တွေရှိသလို လိုအပ်ချက် မတူညီတာတွေရှိတဲ့အခါမှာ လိုအပ်ချက် မတူညီတဲ့ ပုံသဏ္ဍာန်ကို လက်ခံပေးနိုင်တဲ့ အခြေအနေတစ်ရပ်ကို FDC ကစွမ်းဆောင်နိုင်ပါ့မလားဆိုတာကတော့ အခက်အခဲရှိနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ချာတာက စာတမ်းအရအားလုံးဆွေးနွေးပြီးတော့ ထွက်လာပေမယ့် ပိုပြီး အသေးစိတ်သွားတဲ့အခါမှာ ကျမတို့မှာ အားလုံးရဲ့ တန်းတူမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်လို့ ပြောတဲ့အခါမှာ အများ

အားဖြင့်မြင်ကြတာက ပြည်နယ်တွေရှိနေတဲ့ပြည်နယ်တွေ၊ အဲ့ပြည်နယ်တွေထဲမှာ ရှိနေတဲ့ မတူညီသော တိုင်းရင်းသား အင်အားစုတွေရဲ့ တန်းတူမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်က ပျောက်ဆုံးနေသလို ထင်နေတဲ့ အခြေအနေတွေ အများကြီးရှိတဲ့ ဟာကို ဘယ်လိုဖြေရှင်းမလဲဆိုတာ ဒီချာတာနဲ့အတူဝိုင်းပြီးလုပ်ကြ တဲ့ NUCC မှာ စုထားပေါင်းထားကြတဲ့ အင်အားစုတွေ ကြားမှာ သဘောတူညီတဲ့အမြင်၊ သဘောတူညီတဲ့ နိုင်ငံရေး၊ သဘောတူညီတဲ့ ဆွေးနွေးချက် စကားလုံးတွေ၊ အနှစ်သာရ တွေက သေချာထွက်လာဖို့လိုတာပေါ့။ အဲ့ဒါက ဒီအချိန်အထိ ဆွေးနွေးနေရဆဲဖြစ်တယ်။

တစ်ပြိုင်နက်တည်းမှာ အချို့ကြားကာလမှာတောင်မှ ပုံဖော်တဲ့ပုံသဏ္ဍာန်တွေက ဖက်ဒရယ်ဒီမိုကရေစီ သွားနိုင်ဖို့အတွက် စပြီးတော့ ရေးဆွဲရမယ့် အခြေအနေတောင် တုံ့နှေးနေတယ်လို့ ပြောရမယ်။ အထူးသဖြင့်ကတော့ ကိုယ့်ရဲ့ အထဲမှာ အချို့ကိစ္စတွေမှာတော့ ကျမတို့က အားလုံးပါဝင်ပြီး၊ အားလုံးဆွေးနွေးပြီး အယောက်တိုင်း သဘောတူညီနိုင်တဲ့ အခြေခံအောက်ကို ဖြစ်နိုင် သလောက်သွားတာ အကောင်းဆုံးလို့တော့ ယူဆတယ်။ သို့သော် အဲ့ဒီရဲ့ မူတွေကပဲ တစ်ခါ တစ်လေကျရင် တကယ်သွားရမယ့် အခြေခံတွေကို အကန့်အသတ် အကြီးကြီးဖြစ်စေတဲ့ အနေအထားတွေလည်း ရှိ တယ်။ ဒါကြောင့်မို့ ဒါတွေကို ကျော်လွှန်ဖို့တော့ လိုနေသေးတယ်။

FDC မှာပါဝင်တဲ့ Principle တွေကို အကောင် အထည်ဖော်နိုင်ဖို့ အတွက်က အများကြီး ကျော်ဖို့ လိုနေသေး တယ်။ ဒါကလက်ရှိရှိနေတဲ့ အနေအထားပေါ့။ တစ်ပြိုင်နက်တည်းမှာပဲ အခြားပြည်နယ်၊ အခြားနေရာ ဒေသကနေပြီး တော့ စိတ်ကူးစိတ်သန်းတွေ၊ ဖက်ဒရယ် ကို ဘယ်လို အကောင်အထည်ဖော်မလဲ သူ့နေရာဒေသနဲ့ သူ့လိုအပ်ချက်နဲ့ အတူ ဘယ်လိုစဉ်းစားထားလဲဆိုတဲ့ မူကြမ်းတွေ အများကြီး ထွက်လာတာတွေ့ရတယ်။ ဒါက Bottom-up ဖြစ်တယ် ဆိုရင် ကောင်းတဲ့အခြေအနေ ဖြစ်တယ်။ သို့သော်ဒါက ယှဉ်ပြိုင်မှု သဘောတရားဆန်တဲ့ အနေအထားမျိုးတွေ ဖြစ်လာ ရင်တော့ ဒါက တိုင်းပြည်မှာ ရေရှည်ရှင်းရမယ့် ပြဿနာ ပြန်ဖြစ်လာနိုင်တယ်။ ချုပ်ပြီးတော့ ပြောရမယ်ဆိုရင် တကယ် လိုအပ် တာက ဖက်ဒရယ်ပြည်ထောင်စုကို ဘယ်လိုပုံဖော်သလဲဆိုတာ ဟိုးအရှေ့မှာလည်း လွန်ခဲ့တုန်းက FCDCC ဆို ပြီးတော့ WLB အပါအဝင် အမျိုးသမီးအဖွဲ့တွေပါတယ်။ တစ်ပြိုင်နက်တည်းမှာ နိုင်ငံရေးပါတီ၊ တိုင်းရင်းသား အင်အားစု တွေ အများကြီးပါပြီးတော့ လုပ်ဆောင်ခဲ့တဲ့ မူကြမ်းတွေရှိတယ်။ ဒါပေမယ့် အဲ့ဒီမူကြမ်းတွေကလည်း ဒီကနေ့ဒီကာလ မှာ တိုက်ပွဲအသစ်ဖြစ်ရင် ပုံသဏ္ဍာန်အသစ် ဖြစ်သွားတာမျိုး ဖြစ်နိုင်တယ်။ တစ်ခုတော့ရှိတာပေါ့ အချို့က ပြန်ဆွေးနွေး ရမှာတွေ တချို့က အသစ်ဖန်တီးရမှာတွေ ဖြစ်နိုင်ပေမယ့် အရာအားလုံးကို ဘယ်တော့မဆို တော်လှန်ရေးတိုက်ပွဲ တစ်ခု လုပ်တိုင်းလုပ်တိုင်းမှာ ဖြစ်ခဲ့တဲ့အခြေခံတွေကို ထားထားခဲ့လို့မရဘူး။

ပြဿနာနဲ့ အရင်းခံပေါ်မှာ ဖက်ဒရယ်ပြည်ထောင်စုဖြစ်တဲ့အတွက် ဖက်ဒရယ်ကိုသွားမယ့် လမ်းကြောင်းတွေ တီထွင်ဖန်တီးထားတဲ့ ရောက်နေတဲ့လမ်းကနေ ကျမတို့ ရှေ့ဆက်ဖို့အတွက် ရှိထားတဲ့လမ်းတွေကို ပြန်ပြီးတော့ရှင်းရမယ်၊ ကြည့်ရမယ့်ဟာတွေရှိ တယ်။

ဒီလိုသာမဖြစ်ဘူးဆိုရင် FDC ဆိုတဲ့ Principle ကြီးရှိနေရင်တောင်မှ ဒါကအစု အဝေးအစုအဖွဲ့တစ်ခုရဲ့ အကောင်အထည် ဖော်မှုပုံသဏ္ဍာန်ဖြစ်လာလို့တော့ မဖြစ်သင့်ဘူးလို့တော့ ယူဆပါတယ်။ ဒါကြောင့်မို့လို့ အဖွဲ့အစည်း တွေပေါ်ထွန်းလာပြီးတော့ အဖွဲ့အစည်းတွေကြားမှာ Initiative လုပ်ထားတဲ့ ပုံသဏ္ဍာန်တွေဟာ FDC နဲ့ပေါ်လစီနဲ့ မဝေးကွာနေဘူးဆိုရင် လက်ခံပြီး ရှေ့ဆက်လို့ရနိုင်ချေအများကြီးရှိတယ် လို့မျှော်လင့်တယ်လို့ ဆွေးနွေးချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။



## နှာင်းဖိုဖို
**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**

အများကြီးကျေးဇူးတင်ပါတယ်။ လတ်တလောဖြစ်နေတဲ့ အခက်အခဲဆိုတာမျိုးထက် သမိုင်းကြောင်း ဖြစ်တဲ့ ဘာဖြစ်လို့ လက်နက်ကိုင်တော်လှန်ရေး ပေါ်ပေါက်ရသလဲ၊ ဘာဖြစ်လို့ဖက်ဒရယ်ဒီမိုကရေစီမှပဲ အဆင် ပြေမလဲဆိုတဲ့ ဟာကိုလည်း သုံးသပ်ဆွေးနွေးပေးတာပေါ့နော်။ နှစ်ပေါင်းများစွာ ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့် အရေးတွေပျောက်ခဲ့တယ်။ တန်းတူအခွင့်အရေးတွေ မရရှိခဲ့ဘူး။ တကယ့်ကို နိုင်ငံရေးအရစကားပြောပြီးတော့ အခက်အခဲတွေ ပဋိပက္ခတွေကို ကျော်လွှားဖို့ လုပ်ဆောင်ခဲ့ပေမယ့်လည်း မအောင်မြင်တဲ့အခါမှာ လက်နက်ကိုင် တော်လှန်ရေးတွေလည်း အားကောင်းလာတယ်ဆိုတာ ဆွေးနွေးပေးတာပေါ့နော်။ ဒီမှာဆိုရင် FDC မှာပါနေတဲ့ အခြေခံမူတွေက တကယ့်ကိုအားကောင်းတဲ့ အခြေခံမူတွေ ဖြစ်တယ်ဆိုတာကို ဆွေးနွေးသုံးသပ်သွားတယ်။

တစ်ဖက်မှာက အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုမှာ ကျမတို့ ဘယ်လိုအခြေခံမူတွေနဲ့ သွားရင် အဆင်ပြေသလဲဆိုတာကအစ ဖက်ဒရယ်ဒီမိုကရေစီ ချာတာမှာ ပါနေပြီးသားဖြစ်တယ်။ ပြောရမယ်ဆိုရင် ဒါက ကျမတို့သွားလိုတဲ့ ဖက်ဒရယ်ဒီမိုကရေစီအတွက် အထောက်အကူဖြစ်တယ်။ ဒါပေမယ့် တစ်ဖက်မှာကလည်း ကျမတို့နိုင်ငံရဲ့ သမိုင်းနောက်ခံ အနေအထားတွေက မတူကွဲပြားတာတွေ အရမ်းများတယ်။ တကယ့်တကယ် အကုန်လုံးရဲ့ မတူကွဲပြားတဲ့ တိုင်းရင်းသား လူမျိုးစုဖြစ်စေ အခြားအုပ်စုတွေဖြစ်စေ သူတို့ရဲ့လိုအပ်ချက်တွေကို FDC ကနေပြီးတော့ စွမ်းဆောင်ပေးနိုင်မလားဆိုတာကတော့ ကျမတို့ သေချာပြန်ပြီး ဆွေးနွေးသုံးသပ်ဖို့ လိုတယ်။ အဲ့ဒါကိုလည်း ဆွေးနွေးပေးသွားတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ FDC ပါအချက်တွေက ကောင်းနေပေမယ့်လည်း ကျော်လွှားရမယ့် အခက်အခဲတွေက တစ်ဖက်မှာလည်းရှိနေတယ်ဆိုတာ ဆွေးနွေး သွားတယ်။ ဥပမာဆိုရင် အထူးသဖြင့် ဆုံးဖြတ်ချက်ချမှတ်တဲ့ပုံစံတွေက အားလုံးသဘောတူမှပဲ ဆုံးဖြတ်ချက် တွေချလို့ရတာတွေက တကယ့်အနှစ်သာရအားဖြင့် ကြည့်ရင် အားကောင်းပေမယ့်လည်း လက်တွေ့အကောင် အထည်ဖော်တဲ့အခါမှာ ရွှေ့သင့်တဲ့ အရွှေ့တွေ ဖြစ်ပေါ်တိုးတက်သင့်တဲ့ အပြောင်းအလဲတွေ မဖြစ်လာတာလည်း ဖြစ်နိုင်တယ်၊ အဟန့်အတားရှိတာလည်း ရှိနိုင်တယ်ဆိုတာကို ဆွေးနွေးပေးသွားတဲ့အတွက် အများကြီးကျေးဇူးတင်တယ်။ တစ်ဖက်မှာလည်း အခုဆိုရင် အောက်ခြေကနေစပြီးတော့ ချဉ်းကပ်တဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု Bottom-up ကို သွားကြတာက တစ်ဖက်မှာက ကောင်းသလိုမျိုး ဒါကလည်း ယှဉ်ပြိုင်မှုလုပ်တာ မဖြစ်ဖို့ကလည်း စဉ်းစားဖို့၊ သတိပြုဖို့လိုတယ်ဆိုတာ ဆွေးနွေးပေးသွားတဲ့ အတွက်လည်း အများကြီး ကျေးဇူး တင်တယ်။

*ကျမနောက်ထပ်ဆွေးနွေးပေးမယ့် ဆရာမ Sophia Day Myar ကိုဖိတ်ခေါ်ချင်ပါတယ်။ ဆရာမ Sophia Day Myar ကိုဆွေးနွေး စေချင်တာက ဆရာမဆိုရင်အစောပိုင်းမှာမိတ်ဆက်ပေးသလိုမျိုး KSCC မှာလည်း ပါဝင်လှုပ်ရှားနေတဲ့ ဆရာမ တစ်ဦးဖြစ်တယ်။ အခုဆိုရင် KSCC ကိုအများက အခြားနယ်မြေဒေသ၊ အခြားလူမျိုးတွေက အရမ်းကိုလေ့လာရတဲ့၊ အတုယူရတဲ့ Initiative တစ်ခုလည်းဖြစ်တယ်။ ဒါကဘယ်လိုပဲဖြစ်ဖြစ် KSCC သည်ကရင်နီပြည်ရဲ့ အိမ်မက်ကို အကောင်အထည်ဖော်နေတယ်။ အဲ့ဒီမှာ အကောင်အထည်ဖော်တယ်လို့ပြောတဲ့အခါမှာ KSCC ရဲ့ ချဉ်းကပ်မှုက တကယ့်ကို Bottom-Up Federalism Approach ချဉ်းကပ်မှုဖြစ်တယ်ဆိုတာကို အကုန်လုံးက အသိအမှတ်ပြုကြတယ်။ ဆရာမကိုဆွေးနွေးစေချင်တာက အများကနေ Bottom-Up Federalism Approach ကိုလက်ခံအားပေးလာကြတယ်။ ကရင်နီပြည်မှာဆိုရင်လည်း အများကနေအတုယူရတဲ့ Initiative ဖြစ်တယ်။ ဆရာမတို့အနေနဲ့ Bottom-Up Federal-ism Approach ကဘာဖြစ်လို့အရေးကြီးသလဲပေါ့။ Bottom-Up Federalism Approach ကိုချဉ်းကပ်လုပ်ဆောင်တဲ့အခါမှာ ကရင်နီပြည်ရဲ့အတွေ့အကြုံတွေ၊ ချဉ်းကပ်မှုတွေ မှာ ဘယ်လိုစိန်ခေါ်မှုတွေရှိလဲ၊ ဘာဖြစ်လို့ဒီလိုချဉ်းကပ်မှုတွေက အရေးကြီးလဲဆိုတာကို ဆရာမတို့ရဲ့ အတွေ့ အကြုံပေါ့။ KSCC ရော၊ ကရင်နီအိမ်မက်ကိုအကောင်အထည်ဖော်တဲ့အခါမှာ Bottom-Up Federalism ကို ချဉ်းကပ်တဲ့အခါမှာ ဆရာမတို့ကြုံတွေ့ရတဲ့အခက်အခဲနဲ့ Bottom-Up ကဘာဖြစ်လို့ အရေးကြီးလဲဆိုတာကို ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ချင်ပါတယ်။*



## SOPHIA DAY MYAR
Karenni State Sonsultative Council

ဆွေးနွေးခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကမကထပြုလုပ်ပေးတဲ့ Women League of Burma ကိုလည်း အထူးပဲကျေးဇူးတင်ပါတယ်။ အခုလိုမျိုးအတွေ့အကြုံရှိတဲ့ တော်လှန်ရေးခေါင်းဆောင်တွေနဲ့ အတူဆွေးနွေးခွင့်ရတဲ့အတွက်လည်း အထူးပဲဂုဏ်ယူမိပါတယ်။ ပထမဦးဆုံးဆရာမ Nang Moet Moet ပြောတဲ့ Bottom–Up Federalism ကိုကျမကြားတယ်။ လက်ရှိကျမတို့ပြည်နယ်မှာကျင့်သုံးနေတာတော့ Bottom–Up Federalism လို့ပြောလို့ရမရတော့မသိဘူး။ သို့ပေမယ့် ကျမတို့က Federalism ကို ကိုယ်တိုင်လိုက်နာကျင့်သုံး နေတယ်လို့တော့ ခံယူတယ်၊ Practice လုပ်နေတယ်ပေါ့။ Practice လုပ်ဖို့ကလည်း ကျမတို့ကအခွင့်အလမ်း တွေအများကြီးရှိလာတယ်။ ဘာကြောင့်လဲဆိုတော့ ကရင်နီကစစ်အာဏာရှင်စနစ်ကိုအင်အားစုအသီးသီးက တော်လှန်နေတာ နှစ်ပေါင်း (၇၀) ရှိပါပြီ။ ၂၀၂၁ အာဏာသိမ်းရန် ကြိုးပမ်းမှုဖြစ်စဉ် နောက်ပိုင်းမှာ KSCC က ၂၀၂၁၊ ဧပြီလမှာ စပြီးစုဖွဲ့ခဲ့တယ်။

> ပြောရမယ်ဆိုရင်တော့ ကျမတို့တစ်လျှောက်လုံးမှာ တော်လှန်ခဲ့ပေမယ့် ၂၀၂၁ မှာစုစည်းညီညွတ်မှု အားအကောင်းဆုံး ကာလ ဖြစ်လာခဲ့တယ်။ အဲ့ကတည်းကနေ နောက်ဆက်တွဲအနေနဲ့ နိုင်ငံရေး ပန်းတိုင်ဖြစ်တဲ့ ဖက်ဒရယ်ကို လက်တွေ့ကျင့်သုံးမယ်။ အရှေ့ကဆရာနဲ့ ဆရာမတို့ ပြောသွားသလိုပဲ ကျမတို့ တန်ဖိုးထားတဲ့ အရာက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပေါ့။

ဆိုတော့ ကျမတို့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လက်တွေ့ လိုက်နာကျင့်သုံးပြီးတော့ အကောင်အထည်ဖော်ကြမယ်ဆိုတဲ့ စုစည်းမှုနဲ့အတူ KSCC ကိုကရင်နီမှာစပြီးတော့ စုဖွဲ့ခဲ့တယ်။ စပြီးစုဖွဲ့တဲ့အချိန်မှာ နိုင်ငံရေးအင်အားစုတွေ၊ တော်လှန်ရေးအင်အားစုတွေ၊ လူငယ်တွေ၊ အမျိုး သမီးတွေ၊ CSO တွေ တစ်နေရာထဲမှာလာပြီးစုစုံကြပြီးတော့ ကျမတို့ပြည်နယ်ရဲ့ အိမ်မက်အတူတူ မက်ခဲ့တယ်။ ပြီးတော့မှ တကယ့်ဖြစ်နိုင်ချေရှိတဲ့ လက်တွေ့ဆောင်ရွက်မှုတွေကို စပြီးလုပ်ကြတယ်။ နိုင်ငံရေး ပန်းတိုင်တွေ ချမှတ်ထားကြတယ်။ ကျမတို့ နိုင်ငံရေး ပန်းတိုင်တွေထဲမှာ အရေးကြီးဆုံး နိုင်ငံရေး ပန်းတိုင်တစ်ခုက ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကို သွားမှာဖြစ်တယ်။ ဆိုတော့ လက်ရှိအခြေအနေမှာတော့ ကရင်နီမှာ ကျမတို့ အင်အားစုတွေ အသီးသီးကနေပြီးတော့ ကျရာ ကဏ္ဍကနေ တွန်းလှန်နေတဲ့ အချိန်မှာ ကျမတို့ Federalism ကို စတင်ကျင့်သုံးဖို့ အခွင့်အလမ်းဖြစ်လာတယ်။ ကျမတို့ စုစည်းညီညွတ်မှုအားကို ယူပြီးတော့ KSCC မှာ လက်တွေ့ လိုက်နာကျင့်သုံးတာကတော့ စုပေါင်းခေါင်းဆောင်မှုပေါ့။

စုပေါင်းခေါင်းဆောင်မှုနဲ့အတူ လက်ရှိပြည်နယ်ရဲ့အနေအထားအပေါ်မှာ ဘယ်လိုမျိုးဆက်ပြီးတော့ တည်တည်ဆောက်ရမလဲဆိုတဲ့ တည်ဆောက်ရေးအပိုင်းကို ကျမတို့ နိုင်ငံရေးဆုံမှတ်ကနေပြီးတော့ အတူတူသွားဖို့ ကြိုးပမ်းနေတဲ့ ကာလဖြစ်ပါတယ်။ လက်ရှိမှာတော့ KSCC ရဲ့ Role ကတော့ စုပေါင်းခေါင်းဆောင်မှုကို ကြိုးပမ်းပြီးတော့လက်တွေ့အကောင်အထည်ဖော်တယ်။လက်တွေ့ အကောင်အထည်ဖော်ပြီးတဲ့အခါမှာ လက်ရှိပြည်နယ်ထဲမှာ အစိုးရ ယန္တရားတွေ တည်ဆောက် ပြီးတော့ စနစ်တကျ ထိန်းညှိပေးနိုင်ဖို့ ကြိုးစားတယ်။ ပြီးတော့မှ တော်လှန်ရေး အင်အားစုအသီးသီးကို မူဝါဒနဲ့ အညီ ဦးဆောင်ပေးနိုင်တဲ့ နိုင်ငံရေးဆုံမှတ် တစ်ခုဖြစ်လာအောင် ကြိုးပမ်းနေပါတယ်။ ပြည်နယ်အတွင်းမှာဆိုရင် ကျမတို့ဆီမှာ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်၊ မဏ္ဍိုင်ကြီးသုံးရပ်ကို စနစ် တကျထိန်းညှိဖို့ကြိုးစားနေတယ်။ အခုပြန်ပြီးတော့ အနှစ်သာရပါတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လက်တွေ့ လိုက်နာကျင့်သုံးတဲ့ Feder–alism ကို ကျမတို့ ကြိုးစားပြီးတော့ အကောင်အထည်ဖော်နေပါတယ်။

လက်ရှိ ကတော့ တကယ့်ကို တော်လှန်နေရတယ်၊ တွန်းလှန်နေရတယ်။ ပြီးတော့ အင်မတန်ရက်စက်ပြီးတော့ ရာဇဝတ်မှုမျိုးစုံကို ကျူးလွန်နေတဲ့ Institution တစ်ခု၊ စစ်အာဏာရှင် စနစ်ကြီးကို တော်လှန်နေရတဲ့ အချိန်မှာတော့ စိန်ခေါ်မှုတွေ အများကြီးရှိပါတယ်။ အခုကျမတို့ ပြည်နယ်အတွင်းမှာဆိုရင် ဘယ်လိုပဲဖြစ်ဖြစ် တစ်ပြည် နယ်လုံးက ဝိုင်းဝန်းတွန်းလှန်ကြတဲ့အတွက် တစ်ပြည်နယ်လုံးကလည်း တကယ့်ကိုကျန်းမာရေး၊ ပညာရေး၊ လူသားချင်းစာနာထောက်ထားရေး၊ ပြီးတော့ အသက်အန္တရာယ်လုံခြုံရေးကအစ အကုန်လုံးက ဒုက္ခသုခတွေကို အတူတူခံစားရင်းနဲ့ တွန်းလှန်နေကြတဲ့ အချိန်ကာလလည်းဖြစ်တော့ တစ်ပြိုင်တည်းမှာ တည်ဆောက်ရတယ်၊ တွန်းလှန်ရတယ်။ ပြီးတဲ့အခါမှာ လက်ရှိအနေအထားရဲ့စိန်ခေါ်မှုဖြစ်တဲ့ စစ်တပ်ရဲ့လေကြောင်း တိုက်ခိုက်မှုတွေ အမြောက်နဲ့ စစ်ရှောင်ဒေသတွေပါ မကျန် ရမ်းသမ်းပစ်တဲ့ဟာတွေ၊ ကျောင်းတွေ၊ ဆေးရုံတွေ ကို Target ထားပြီးတော့ ကလေးတွေ အပါအဝင်စစ်ဘေးရဲ့ ဒဏ်ကိုခါးစည်းခံရတဲ့ အနေအထားမျိုးမှာ ကျမတို့ တည်ဆောက်နေရတဲ့ ကာလဖြစ်တဲ့အတွက် ကျမတို့အတွက်ကတော်တော်လေး Challenge ဖြစ်တယ်။ သို့ပေမယ့်လည်း ဒီအနေအထားမှာ ကျမတို့ကစုစည်းထားနိုင်တယ်။ ဘာကြောင့်လဲဆိုတော့ တကယ်ကို ခက်ခဲနေတဲ့အချိန်မှာ ကျမတို့ကစုစည်းရမယ်ဆိုတာ နားလည်တယ်။

ကျမတို့က ဆရာမနိုးနိုးထက်စံပြောတဲ့ အထဲမှာဆိုရင် တော်လှန်နေတဲ့ပုံစံတွေမတူကြဘူး။ ကျမတို့ နိုင်ငံရေးလမ်းကြောင်းမှာ စုစည်းပြီးတော့ နိုင်ငံရေး အရ တော်လှန်တယ်။ ကျမတို့ အုပ်ချုပ်ရေးယန္တရားတွေ ထိန်းညှိရင်းနဲ့ တော်လှန်တယ်။ ကျမတို့ပြည်နယ်မှာ ဆိုရင်လည်း CDM မှာ Join တဲ့ခေါင်းဆောင်တွေလည်း တတပ်တအားနဲ့ ဝိုင်းပြီး တော်လှန်နေကြတယ်။ လူငယ်၊ အမျိုးသမီး၊ အရပ်ဖက်အဖွဲ့အစည်းတွေကလည်း ကိုယ်နိုင်ရာကဏ္ဍတွေကို ထမ်းဆောင်ပြီးတော့ တော်လှန်ကြတယ်။ ပြီးတော့ ကျမတို့ယခင်ကဆိုရင် သပိတ် အင်အားစုတွေကလည်း အခုချိန်မှာ လူငယ်တွေလက်နက်ကိုင် အင်အားစုတွေ အသီးသီးဖြစ်လာပြီ။ လက်နက်ကိုင်ရင်းနဲ့လည်း တော်လှန်ကြတယ်။ လက်ရှိ ကရင်နီအနေအထားကတော့ တစ်ပြည်နယ်လုံးက တွန်းတွန်းတိုက်တိုက် အင်အားအပြည့်နဲ့ တွန်းလှန်ခဲ့တဲ့ အတွက် လက်ရှိတော်လှန်ရေးမှာတော့ တွန်းလှန်နိုင်တဲ့ အနေအထားတွေရှိတယ်။ ဆက်ပြီးတော့ ဒီလိုတည် ဆောက်မှုတွေကလည်းတစ်ပြိုင်တည်း လုပ်နေတဲ့အတွက် ကျမတို့ ခံနိုင်ရည်ကလည်း တဖြည်းဖြည်းမြင့်လာ ပြီ။ ပထမဆုံးမှာ ဆရာသွင်လင်းအောင် ပြောသွားသလိုပဲ ကရင်နီမှာတော့ စစ်တပ်ဘက်က ဘယ်လိုနည်းနဲ့မှ ထိန်းချုပ်ဖို့ မရှိတော့ဘူး။ အဲ့ဒီအတွက်ကြောင့်လည်း သူတို့က လေကြောင်း တိုက်ခိုက်မှုတွေကို သုံးပြီးတော့ ရက်ရက်စက်စက် ရာဇဝတ်မှုတွေကို ဆက်တိုက်ကျူးလွန်နေတာဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် Federalism လို့ပြောတဲ့အခါမှာ လက်ရှိမှာတော့ အကောင်အထည်ဖော်နေတယ်၊ ကျင့်သုံးနေတယ်လို့မြင်တယ်။ အဲ့အပေါ် မှာလည်း Challenge တွေအများကြီးရှိပေမယ့် စိန်ခေါ်မှုတွေကိုကျမတို့ပြောကြတယ်၊ ထုတ်ဖော်ကြတယ်။ ပြောဖို့နေရာလည်းရှိတယ်။ KSCC ဆုံမှတ်မှာ စိန်ခေါ်မှုတွေပြောကြတယ်၊ ပြဿနာတွေ၊ အခက်အခဲတွေ ပြောတယ်။ ကျော်လွှားလို့ မရတဲ့ဟာတွေကိုလည်း ကျမတို့ ကြိုးစားပြီး အဖြေရှာကြတယ်။ ကျော်လွှားလို့ရတဲ့ ဟာတွေကိုလည်း စုပေါင်းခေါင်းဆောင်မှုစနစ်နဲ့ ကျော်လွှားနေကြတယ်။ အဲ့ဒီအနေအထားလည်းရှိတယ်ဆိုတဲ့ အကြောင်းကို ဝေမျှချင်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။




## နာင်းမိုမို

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**


ဆွေးနွေးပေးတဲ့ ဆရာမ Sophia Day Myar ကိုအများကြီးကျေးဇူးတင်ပါတယ်။ ကောက်နုတ်ချက် ဆိုရင်တော့ ကျမတို့ဖက်ဒရယ်လို့ပြောတဲ့အခါမှာ ကျမတို့တိုက်နေတဲ့ စစ်အာဏာရှင်ပြုတ်သွားတဲ့ တစ်နေ့ကျမှ ဖက်ဒရယ်ရဲ့ အခြေခံမူတွေကို စတင်ပြီး ကျင့်သုံးတာ မဖြစ်သင့်ဘူး။ ဒီမှာဆိုရင် ဆွေးနွေးတဲ့ အထဲမှာ အခုကတည်းက တော်လှန်နေရင်းနဲ့ တစ်ဖက်မှာကလည်း ဖက်ဒရယ်ရဲ့ အခြေခံမူတွေကို စတင် ကျင့်သုံးရမယ်ဆိုတဲ့ဟာတွေ ကို ဆွေးနွေးတာပေ့ါနော်။ ကရင်နီပြည်ဆိုရင် ကရင်နီပြည်ရဲ့ အိမ်မက်ကို အကောင်အထည် ဖော်တာဖြစ်တယ်။ တစ်ဖက်မှာအရမ်းကိုခက်ခဲကြမ်းတမ်းတဲ့ စိန်ခေါ်မှုများစွာရှိတယ်။ အထူးသဖြင့် ပြည်သူလူထုတွေအများကြီး ခံရတယ်။ စစ်ဘေးစစ်ဒဏ်ကို အများဆုံးခံရတယ်။ ဒါပေမယ့် ဒီဟာတွေကို ဘယ်လိုပဲဖြစ်ဖြစ် ကျော်လွှား ပြီးတော့ စုပေါင်းခေါင်းဆောင်မှုနဲ့ ဖက်ဒရယ်ရဲ့အခြေခံမူတွေကို လက်တွေ့ ကျင့်သုံးနေတာပေ့ါနော်။ အုပ်ချုပ်ရေးယန္တရားတွေကို တည်ဆောက်တာ အခြားသောလုပ်ငန်းတွေကို လုပ်ဆောင်ဖြစ်တယ်။ အဓိကကောက်နုတ် ချက်ဆိုရင်တော့ စောစောကပြောသလိုပဲ စစ်အာဏာရှင်ပြုတ်သွားတဲ့ တစ်နေ့မှမဟုတ်ဘဲနဲ့ တော်လှန်နေရင်းနဲ့ ဖက်ဒရယ်ရဲ့ အခြေခံမူတွေကိုပါ စတင်ကျင့်သုံးနေတာ ဖြစ်တယ်ဆိုတာကို ဆွေးနွေးပေးသွားတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ဒီမှာကလည်း Bottom–Up အောက်ခြေနေ ချဉ်းကပ်တာသည် အရေးကြီးတဲ့ အကြောင်းပေ့ါနော်။ ကရင်နီမှာက အတုယူဖွယ်ကောင်းတာက ကရင်နီပြည်မှာရှိနေတဲ့ ပြည်သူလူထု တစ်ရပ်လုံးက အစုအဖွဲ့ အသီးသီးကနေမှ စည်းရုံးရမယ်၊ စုရုံးရမယ်၊ စုစုစည်းစည်း လုပ်ရမယ်၊စစ်အာဏာရှင် ကိုလည်းတိုက်ရမယ်။ တစ်ဖက်မှာကလည်း တော်လှန်နေတဲ့အခါမှာ အုပ်ချုပ်ရေးယန္တရားတွေကိုလည်း သင့်လျော်သလို ပြည်သူလူထုကို အကျိုးပေးတဲ့၊ ပြည်သူလူထုကို တကယ့်ဝန်ဆောင်မှုပေးနိုင်တဲ့ အုပ်ချုပ်ရေး ယန္တရားတွေပါ တည်ဆောက်ရမယ်ဆိုတဲ့ဟာကို တစ်စုတစ်စည်းတည်း ယုံကြည်ကြတယ်၊ နားလည်ကြတယ် ဆိုတာကိုလည်း ပြောကြားပေးသွားတဲ့အတွက် အရမ်းကိုကျေးဇူးတင်ပါတယ်။ တစ်ဖက်မှာလည်း ဒီလိုမျိုးအောင်မြင်မှု အများကြီးရှိသလို တစ်ဖက်မှာလည်း စိန်ခေါ်မှုတွေ အများကြီးရှိတယ်ဆိုတာကို ဆွေးနွေးပေးသွားတာ အများကြီးကျေးဇူးတင်ပါတယ်။

*နောက်ထပ်ဆွေးနွေးပေးဖို့ ဆရာမဆဲဆဲကိုဖိတ်ခေါ်ချင်ပါတယ်။ အထူးသဖြင့် အမျိုးသမီးများအဖွဲ့ချုပ်မြန်မာနိုင်ငံဆိုရင် စတင်ဖွဲ့စည်းကတည်းက ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ထွန်းဖို့ဆိုတာက ကျမတို့ရဲ့ အဋ္ဌိမ ပန်းတိုင်အနေနဲ့ ရှိခဲ့တာဖြစ်တယ်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီး နိုင်ငံရေး အဖွဲ့အစည်း ဖြစ်တယ်ဆိုတာကိုလည်း ကျမတို့ ကြေညာထားတယ်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ဟာဆိုရင် ပြီးခဲ့တဲ့ ၂၀၂၂ ဒီဇင်ဘာမှာဆိုရင် နိုင်ငံရေးကြေညာစာတမ်း ဆိုပြီး ထုတ်ပြန်ထားတာရှိတယ်။ အဲ့မှာဆိုရင် ဖက်ဒရယ်ဒီမိုကရေပြည်ထောင်စု တည်ဆောက်ဖို့ကြိုးပမ်းတဲ့ အခါ ချဉ်းကပ်တဲ့အခါမှာဆိုရင် လုပ်ငန်းစဉ်တစ်လျှောက်လုံးမှာ အားလုံးပါဝင်ရေး၊ ဂျဲန်ဒါတန်းတူရေး၊ ပြီးရင် အမျိုးသမီးတွေရဲ့ နိုင်ငံရေး ကိုယ်စားပြုမှု ဒါတွေက မဖြစ်မနေ ထည့်သွင်းစဉ်းစားရမယ်ဆိုတဲ့ ကျမတို့ရဲ့ရပ်တည် ချက်က ကျမတို့ရဲ့ နိုင်ငံရေးကြေညာစာတမ်းမှာ ထုတ်ပြန်ထားတာဖြစ်တယ်။ ဒီရပ်တည်ချက်တွေကို အချို့ အဖွဲ့တွေက မူအရလက်ခံကြတယ်။ အားလုံး ပါဝင်ရေးက အရေးကြီးတယ်၊ တန်းတူရေးက ချဉ်းကပ်တဲ့အခါမှာ လုပ်ငန်းစဉ်တစ်လျှောက်လုံးမှာ ဂျဲန်ဒါတန်းတူရေး၊ အမျိုးသမီးပါဝင်မှုက အရေးကြီးတယ်ဆိုတာကို တော်လှန် ရေးအစုအဖွဲ့ကကြီးတွေ၊ အချို့တွေက လက်ခံထားတာဖြစ်တယ်။ တကယ့်လက်တွေ့မှာ Key Actor တွေ အနေနဲ့က အားလုံးပါဝင်ရေး၊ တန်းတူရေးနဲ့ပက်သက်ပြီးတော့ ဘယ်လောက်အထိ အလေးထားလဲပေ့ါ။ အဲ့ဒီ ဟာတွေကို ကျမတို့ကစည်းရုံးရတဲ့အခါ ပြောဆိုရတဲ့အခါ အကောင်အထည်ဖော်ရတဲ့အခါ ဘယ်လိုအခက်အခဲ ရှိသလဲဆိုတာကို ဆရာမဆဲဆဲကိုအလှည့်ပေးချင်ပါတယ်။*



**နော်ဆဲဆဲ**

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)




## နော်ဆဲဆဲ

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)


ဒီစကားဝိုင်းမှာ ဆွေးနွေးခွင့်ရတာ ကျေးဇူးအများကြီးတင်ပါတယ်။ နိုင်ငံတည်ဆောက်မှုမှာပဲ ပြောပြော နိုင်ငံပြုပြင်ပြောင်းလဲမှုမှာပဲ ပြောပြော ကျမတို့ တည်ဆောက်တဲ့အခါမှာ အထူးသဖြင့် အခြေခံပြီးစဉ်းစား ရမှာက အားလုံးပါဝင်နိုင်ရေး အထူးသဖြင့်မတူကွဲပြားတဲ့သူတွေကို လွှမ်းခြုံဖို့၊ ကိုယ်စားပြုနိုင်ဖို့ကို ကျမတို့ အဓိက အခြေခံစဉ်းစားရမှာဖြစ်တယ်။ ကျမတို့မြန်မာနိုင်ငံမှာ ကျမလေ့လာမှုအရရော၊ အတွေ့အကြုံအရရော တစ်လျှောက်လုံးဆိုရင် စာသားပဲပြောပြော၊ Technically ပဲပြောပြော နည်းပညာပိုင်းဆိုရင် အဲ့လောက်ထိ ပြဿနာမရှိဘူး။ ဒါတွေကတော့ လေ့လာလို့ရတယ်၊ ဖြည့်စွက်လို့ရတယ်။ ဒါပေမယ့် လက်တွေ့မှာတော်တော်လေး ပြဿနာရှိနေတဲ့ဟာကိုတွေ့ရတယ်။ လက်တွေ့မှာ ပြဿနာရှိနေတဲ့အရာအပေါ်မှာ အထူးသဖြင့် နိုင်ငံရေး မှာပဲပြောပြော၊ လုပ်ငန်းစဉ်ပဲပြောပြော စပြီးတော့ တည်ဆောက်ခဲ့တဲ့ ဖြစ်စဉ်ကတည်းကိုက အားနည်းချက်တွေ စိန်ခေါ်မှုတွေရှိတယ်။ အဲ့ဒီအားနည်းချက်တွေ စိန်ခေါ်မှုတွေအထဲမှာတစ်ခုက Gender တန်းတူရေး၊ အမျိုးသမီး အင်အားစုရဲ့ ကိုယ်စားပြုမှုကို အမြဲတမ်း လျစ်လျူရှုကြတယ်။ အဲ့ဒီအတွက်လည်း အမျိုးသမီးအင်အားစုတွေ၊ အမျိုးသမီးအဖွဲ့အစည်းတွေက တစ်ချိန်လုံး ဒီနေ့ဒီအချိန်အထိ တော်လှန်ပြီးတော့ ဒီဟာကို တိုက်ယူရတယ်။

ကျမတို့ အမျိုးသမီးမှာက ဂျန်ဒါတန်းတူရေးအတွက်ပဲ တိုက်ယူတာမကဘူး အမျိုးသား တန်းတူရေးပဲပြောပြော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပဲပြောပြော ဒီနိုင်ငံပြုပြင်ပြောင်းလဲမှုကို အားလုံး ပါဝင်နိုင်ဖို့၊ အားလုံး ခြုံငုံနိုင်ဖို့အတွက်ကိုပဲ ပြောပြော တော်လှန်ကြရတာပဲ။ ဒါပေမယ့် ကျမတို့ အမျိုးသားတွေ ထက်ပိုပြီးတော့ ဂျန်ဒါတန်းတူရေးကို ဒီနေ့ ဒီအချိန်အထိ ပြောရတယ်၊ ဆိုရတယ်။ ဘာစိန်ခေါ်မှုတွေ တွေ့ရလည်းဆိုတော့ တကယ့် Key Actor တွေက Gender Perspective, Gender Sensitivities တွေကိုနားလည်မှုနည်းတယ်။ နားလည်တဲ့သူတွေကလည်း အပေါ်ယံလောက်ပဲ နားလည်တယ်။ ဒါပေမယ့် မူအရတော့ ဟုတ်တယ်၊ ပါဝင်သင့်တယ် ဘာညာပေ့ါ။ တချို့ ဆိုရင်ဖိအားကြောင့်ပေ့ါ။ ဥပမာ နိုင်ငံတကာဖိအားကြောင့်၊ ဘာဖိအားကြောင့် တွေ့ရတဲ့အခြေအနေမျိုး ဖြစ်တယ်။ တကယ်နားလည်လားဆိုတော့ နားမလည်ဘူး။

> အမျိုးသမီးတွေရဲ့ ကြုံတွေ့ရင်ဆိုင်ဖြတ်သန်းမှု၊ ကိုယ်စားပြုမှုအသံကို သယ်ဆောင်နိုင်တာက အမျိုးသမီး ကိုယ်စားလှယ်ပဲဆိုတာကို အသိအမှတ်ပြု လက်ခံဖို့က အားနည်းနေသေးတဲ့ အခက်အခဲစိန်ခေါ်မှုတွေ့တယ်။

ပြီးရင်လည်း ကျမတို့တစ်လျှောက်လုံးမှာ ကြည့်ခြင်း အားဖြင့် ကျမတို့ WLB ဆိုရင် စတင်ဖွဲ့စည်းကတည်းက တကယ်တမ်းဆိုရင် ၂၀၀၂ ကတည်းက အမျိုးသမီး နိုင်ငံရေး အဖွဲ့အစည်းဆိုတာ ကြေငြာထားပြီးသားဖြစ်တယ်။

ပြီးရင် တစ်လျောက်လုံး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်မှာ စည်းရုံးလှုံ့ဆော်တယ်၊ တွန်းတယ်။ ပြီးရင် ဖွဲ့စည်းပုံပြင်ဆင်ရေးတွေမှာလည်း ပါဝင်တယ်၊ လေ့လာရေးတွေမှာလည်း တစ်လျောက်လုံး ပါဝင်လာခဲ့တယ်။ ဒါတောင်မှ အသိအမှတ်ပြုတဲ့ သူ နည်းတယ်။ ပြောရမယ်ဆိုရင် လက်ချိုး ရေလို့တောင် ရတယ်။ အဲ့လိုမျိုး Key Actor တွေရဲ့ အသိအမှတ်ပြုမှု နည်းတဲ့ အတွက်ကြောင့် နိုင်ငံ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ် တစ်ခုခု စတင်လုပ်ဆောင်မယ်ဆိုရင် ထည့်သွင်းစဉ်းစားမှုကတော့ လုံးဝကိုအားနည်းမှာပါ။ အဲ့ဒီဟာက အဓိက ကျတယ်လို့ မြင်တယ်။ ဒီလိုမျိုး နိုင်ငံပြုပြင်ပြောင်းလဲမှုက မတူ ကွဲပြားမှုကို လိုလိုလားလား လက်ခံ အသိအမှတ်ပြုဖို့ လိုအပ်တယ်။ အဲ့ဒါတွေကို လက်ခံ အသိအမှတ်ပြုမှု မရှိဘူး ဆိုရင် ဒီဖြစ်စဉ်က ဒီလိုမျိုးပဲ ကျန်ခဲ့တဲ့သူ ကျန်ခဲ့မယ်။ အထူးသဖြင့် ဂျဲန်ဒါတန်းတူရေးကို ထည့်သွင်းစဉ်းစား နိုင်မယ့် အခင်းအကျင်းကမရှိဘူးပေါ့။

တချို့ဆိုရင် လုံးဝကို ငြင်းတယ်။ တချို့ဆိုရင် ဒီအမျိုးသမီးအင်အားစု တွေက မလိုအပ်သေးဘူး၊ ဒါတွေက နောက်မှပဲ လုပ်လို့ရတယ်ပေါ့။ နောက်မှပဲဖိတ်ခေါ်လို့ရတယ်ပေါ့။ ဆိုတဲ့ အခါကျတော့ သူတို့တွေက အကုန်လုံး ပြင်ဆင်ပြီးနေပြီ၊ ဆွေးနွေးပြီးနေပြီ။ နောက်မှပဲ ဖိတ်ခေါ်တဲ့ဟာမျိုးတွေ မဖြစ်သင့်ဘူး။ ဒါတွေကို နောက်မှ ဖိတ်ခေါ်တဲ့အခါ Process မမိတာတွေ၊ စိန်ခေါ်မှုတွေ ဖြစ်နိုင်တယ်။ ပြီးရင် ဘယ်လိုကနေဘယ်လို ပြန်ပြီးတော့ လေ့လာ သင်ယူရတယ်၊ အချိန်တွေလည်းယူရတဲ့ စိန်ခေါ်မှုတွေဖြစ်လာ နိုင်တယ်။ ကျမတို့ စတင်ကတည်းကိုက ဘယ်အင်အားစုတွေ အဓိက ထားပြီး ထည့်သွင်းရမလဲ၊ လုပ်ရမလဲဆိုတဲ့ Process က အဲ့လိုမျိုး ပြည့်ပြည့်စုံစုံ စဉ်းစားတာကနည်းတဲ့ စိန်ခေါ်မှုတွေကို တွေ့ရတယ်။ ဒီလိုမျိုးပဲ ဆက်စဉ်းစားပြီး လုပ်နေမယ်ဆိုရင်တော့ အမျိုးသမီး အင်အားစုအတွက်လည်း စိုးရိမ်စရာဖြစ်တယ်။ ပြီးရင်လည်း ဘယ်လိုမှ ဖွံ့ဖြိုးတိုးတက်မှာ မဟုတ်ဘူး။

> အထူးသဖြင့် ကျမတို့လိုလားတဲ့ ဖက်ဒရယ်နိုင်ငံကို စဉ်းစားတဲ့အခါမှာ နိုင်ငံတကာရဲ့ တရားဝင်မှု၊ ဒီမိုကရေစီရဲ့တရားဝင်မှု၊ အထူးသဖြင့် ဖက်ဒရယ်ကို အခြေခံတည်ဆောက်မှာဖြစ်တဲ့ အတွက် ဖက်ဒရယ်မူရဲ့ အခြေခံကို မတူကွဲပြားတဲ့ ကိုယ်စားပြုမှုတွေ လူနည်းစုရဲ့ ကိုယ်စားပြုမှုတွေ၊ တကယ့် စုပေါင်းခေါင်းဆောင်မှုနဲ့ လာမယ့်ကိုယ်စားပြုမှု၊ စုပေါင်းခေါင်းဆောင်မှုနဲ့ သွားရမယ့် လုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်တွေက စတင်ပြီးတော့ Process ကို စဉ်းစားကတည်းက မဖြစ်မနေကို စဉ်းစားရမှာ ဖြစ်တယ်။

ကျမတို့ မြန်မာနိုင်ငံမှာက နံပါတ်တစ် အားနည်းချက်က တစ်ခုခုကို လုပ်ပြီဆိုရင် Process ကို စတင်ကတည်းက အားနည်းနေတယ်။ အထူးသဖြင့် အမျိုးသမီး အင်အားစုတွေကို Process စတင်ပြီး Engage လုပ်ကတည်းက မပါဝင်ခဲ့တဲ့ အခက်အခဲ စိန်ခေါ်မှုတွေကလည်း တစ်လျောက်လုံး ရှိလာခဲ့တယ်။

ဒုတိယတစ်ချက်က အသိအမှတ်ပြုမှုကိစ္စပေါ့။ အသိ အမှတ်ပြုမှုက အရမ်းအရေးကြီးတယ်။ အသိအမှတ်ပြုမှုကိစ္စက အရမ်းအရေးကြီးတယ်။ အပေါ်အယံလောက်ပဲ မူလောက်ပဲ လက်ခံတယ်ဆိုရင် ဘယ်လိုနည်းနဲ့မှ အလုပ်မဖြစ်ဘူး။ အခုဆိုရင် လက်တွေ့မှာအများကြီးတွေ့ ရတယ်။ NUCC မှာဆိုရင်လည်း ဆုံးဖြတ်ချက်ချမှတ်တဲ့နေရာမှာ ဦးဆောင်မှုနေရာမှာ အမျိုးသမီးပါဝင်ရေး အနည်းဆုံး (၃၀) ရာခိုင်နှုန်း မူအရ ရှိထားပြီးသား။ ဒါပေမယ့် တကယ့်လက်တွေ့မှာက အကောင်အထည် မဖော်ဘူး။ ဘာဖြစ်လို့ အကောင်အထည် မဖော်နိုင်တာလဲဆိုတော့ တချို့မေးရင် အမျိုးသမီးမရှိဘူး၊ အမျိုးသမီး တွေက အလုပ်မလုပ်နိုင်ဘူး၊ အလုပ်မလုပ်ရဲဘူး။ အဲ့လိုမျိုး အကြောင်းပြချက်တွေရှိတယ်။ ဒါပေမယ့် ဒီလိုမျိုး ဘာကြောင့် အမျိုးသမီးတွေက မတက်လာနိုင်တာလဲ၊ ဘာကြောင့် အမျိုးသမီးတွေက မပါဝင်နိုင်တဲ့ အခြေခံအကြောင်း အရင်းကိုလည်း မရှာဘူး။ ပြီးရင်လည်း ဒီလိုမျိုးတက်လာနိုင်အောင်လည်း ဖော်ဆောင်တဲ့ လုပ်ငန်းစဉ်တွေလည်း မရှိဘူး။ ပြီးရင်လည်း အင်တိုက်အားတိုက်နဲ့ လိုလိုလားလားနဲ့ အမျိုးသမီးပါဝင်လာအောင်ဆိုတဲ့ ခံယူချက်တွေက Actor တိုင်းမှာ မရှိဘူး။ အဲ့ဒီ အခက်အခဲစိန်ခေါ်မှုတွေကို ကျမတို့တွေ့ရတယ်။

နောက်တစ်ခု ကကျတော့ ကျမတို့အခုနောက်ပိုင်း ဥပမာ KNPP, KSCC, KNU တို့ နည်းနည်း ပြောင်းလဲလာတာရှိတယ်။ နှစ်ပေါင်းများစွာ ကျမတို့ တွန်းလာခဲ့တဲ့ အခင်းအကျင်းမှာ သူတို့ရဲ့ Principle အရ၊ ပြီးရင် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်မှုတွေကို စတင်အကောင်အထည် ဖော်လာတာတွေ့ရတယ်။ ဒါပေမယ့် ဒီလိုတစ်ဖွဲ့၊ နှစ်ဖွဲ့တည်းနဲ့လည်း အဆင်မပြေဘူးလေနော်။ တစ်ဖွဲ့နှစ်ဖွဲ့တည်းနဲ့ တွန်းနေလို့လည်း မဖြစ်ဘူး။ အဓိက Actor ဖြစ်တဲ့ အခုလက်ရှိ Platform တွေဖြစ်တဲ့ NUG တို့၊ NUCC တို့၊ တော်လှန်ရေးအင်အားစုတွေ၊ လက်နက်ကိုင် တိုင်းရင်းသားအင်အားစုတို့၊ ပါတီအပါအဝင် အဲ့ဒီအင်အားစုတွေ အသီးသီးက ဂျဲန်ဒါတန်းတူရေးကို Promote တဲ့လုပ်ငန်းစဉ်တွေ ပြည့်ပြည့်ဝဝ လက်ခံ အသိအမှတ်ပြုတဲ့ အနေအထားမျိုးတွေရှိဖို့လိုတယ်။ မူပဲရေးချပြီးတော့ ပြီးတာမျိုး မဖြစ်သင့်ဘူး။ လက်ရှိမှာ ဒီလိုမျိုး အမျိုးသမီးအင်အားစုတွေက အသုံးမချဘူး၊ အသုံးမပြုဘူးဆိုရင် သူတို့ ကိုယ်တိုင်ကလည်း ဘယ်နေရာမှာ သူ့ကိုယ်သူ အသုံးသွားချမှာလဲ၊ တကယ်တမ်းဆိုရင် ကျမတို့တော်လှန် တိုက်ပွဲ ဝင်နေတာချည်းအတူတူပဲ။ အခု လက်နက်ကိုင်တော်လှန်ရေးလား၊ နိုင်ငံရေးလား၊ သံတမန်ရေးလား၊ လူထုတော်လှန်ရေးလား၊ အမျိုးသမီးအင်အားစုတွေက ပြောမပြတတ်လောက်အောင်များလာတယ်။ ပြီးရင် သူတို့ရဲ့ Commitment တွေ၊ သူတို့ရဲ့ Resilience တွေကရှိနေတယ်။ အဓိကလိုလားတဲ့ ရည်မှန်းချက်က ဒီ ဖက်ဒရယ် တည်ဆောက်ရေးမှာ တူနေကြတဲ့အတွက်ကြောင့် ဒီစိန်ခေါ်မှုတွေကို ကျော်ဖြတ်ဖို့ အဓိက Key Actor တွေက သူတို့ရဲ့ Internal မှာလည်းပြောင်းလဲပြီး မြင့်တင်ဖို့လိုအပ်သလို စုပေါင်းခေါင်းဆောင်မှု Platform တွေမှာလည်း လိုလိုလားလားနဲ့ အမျိုးသမီးတွေရဲ့အင်အားစု၊ ဂျဲန်ဒါတန်းတူရေးကို မြင့်တင်နိုင်တဲ့ လုပ်ငန်းစဉ်တွေကို ချမှတ်နိုင်ဖို့အရမ်းအရေးကြီးတယ်လို့ မြင်ပါတယ်။ ကျေးဇူးပါ။



## နှာင်းမိုမို

### အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

ကျေးဇူးပါ။ အများကြီးလုပ်ဆောင်ခဲ့တယ်။ အမျိုးသမီးအင်အားစုတွေကနေမှ ချဉ်းကပ်တယ်၊ စည်းရုံးလှုံ့ဆော်တယ်ဆိုပေမယ့် ဒီနေ့ဒီအချိန်ထိက ဂျန်ဒါတန်းတူရေး၊ အမျိုးသမီးပါဝင်ရေးနဲ့ပက်သက် ပြီးတော့ Key Actor တွေရဲ့ နားလည်မှုကလည်း အားနည်းသလိုမျိုး လက်တွေ့အကောင်အထည်ဖော်မှုက အားနည်းနေသေးတယ် ဆိုတာကို ဆွေးနွေးသုံးသပ်ပေးတဲ့အတွက် အများကြီးကျေးဇူးတင်တယ်။ ဒီတော်လှန် ရေးမှာက အထူးသဖြင့် အမျိုးသမီးအင်အားစုတွေက ဂျန်ဒါတန်းတူရေး၊ အမျိုးသမီးတွေရဲ့ပါဝင်ရေး အဲ့ဒီ အတွက်တင်မကဘဲနဲ့ ကျမတို့အမျိုးသမီးတွေသည် စစ်အာဏာရှင်အမြစ်ပြုတ်ဖို့၊ ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွန်းဖို့အတွက်ကိုလည်း လုပ်ဆောင်တယ်။ တစ်ဖက်မှာလည်း နောက်ထပ်ဝန်တွေထမ်းနေရတာသည် တစ်လျှောက်လုံး ပြောနေတဲ့ အမျိုးသမီးပါဝင်ရေးကိစ္စကိုလည်း ဒီနေ့ဒီ အချိန်ထိကို ပြောရ၊ ဆိုရ၊ စည်းရုံးနေရတဲ့ အနေအထားဖြစ်တယ်ဆိုတာကိုလည်း ဆွေးနွေပေးသွားတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ တစ်ဖက် မှာက ဘယ်လိုပဲဖြစ်ဖြစ် အမျိုးသမီးပါဝင်ရေး၊ ဂျန်ဒါတန်းတူရေးလို့ ပြောတဲ့အခါမှာ တကယ့်တကယ်တော့ အမျိုးသမီးတွေအတွက်ပဲ အကျိုးစီးပွားဖြစ်စေတာ မဟုတ်ဘူး ဆိုတာကိုလည်း ဆွေးနွေးပေးတာပေ့ါ။ အမျိုးသမီးတွေရဲ့ တန်းတူညီမျှမှုကို အကောင်အထည်မဖော်ဘူးဆိုရင် ဒီမိုကရေစီ အရ တရားဝင်မှုလည်း မရှိသလိုမျိုး နိုင်ငံတကာ စံချိန်စံညွှန်းနဲ့လည်း ကွဲလွဲတယ်၊ မကိုက်ညီဘူးဆိုတာကို ဆွေးနွေးပေးသွားတာ အများကြီး ကျေးဇူးတင်ပါတယ်။ ဒီဟာတွေကို ကျော်လွှားနိုင်ဖို့က Key Actor တွေက အဖွဲ့အစည်းတွေအနေနဲ့ ဆိုရင်လည်း Internal မှာလည်း ပြုပြင် ပြောင်းလဲဖို့ လိုသလိုမျိုး ဘယ်နိုင်ငံရေးဖြစ်စဉ်မှာပဲဖြစ်ဖြစ် စတင်ပြီး တော့ စဉ်းစားချဉ်းကပ်တဲ့ ဖြစ်စဉ်မှာက တည်းကိုက အမျိုးသမီးတွေပါဝင်ရေးနဲ့ပက်သက်ပြီး လေးလေးနက်နက် နဲ့ စဉ်းစား ထည့်သွင်းဖို့လိုတယ်။ မူအရ ပြဋ္ဌာန်းတာမျိုး မကဘဲနဲ့ လက်တွေ့ အကောင်အထည် ဖော်ဖို့လိုပါတယ် ဆိုတဲ့ဟာကို ဆွေးနွေးပေးသွားတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။

*ပထမ Round ရဲ့ နောက်ဆုံး Speaker ပဒိုတာဒိုမူးကို ဖိတ်ခေါ်ချင်ပါတယ်။ ရှေ့မှာ ဆရာ/ဆရာမလေးဦးကနေပြီးတော့ အများကြီးဆွေးနွေး ပြီးသွားပြီ။ ဒီမှာဆိုရင် ပဒိုတာဒိုမူးကို အဓိကမေးချင်တာက ခုနတုန်းကဆိုရင်လည်း Speaker တစ်ယောက် ကနေပြောသွားတာလည်းရှိတယ်။ ကေအဲန်ယူဆိုရင် နိုင်ငံရေးအရဦးဆောင်တယ်။ အဲ့ဒီအပြင်ကို KNU ရဲ့ နိုင်ငံရေး ထိန်းကျောင်းမှုအောက်ကနေ KNLA ကစစ်ရေးသွားတယ်။ ကျမ အဓိကဆွေးနွေးစေချင်တာကတော့ ဖက်ဒရယ် ဒီမိုကရေစီ ပေါ်ထွန်းဖို့အတွက်ကို နိုင်ငံရေးအရ တော်လှန်တာရှိတယ် စစ်ရေးအရတော်လှန်တာ ရှိတယ်။ စစ်အာဏာရှင် အမြစ်ပြုတ်ဖို့ ကျမတို့ တော်လှန်တဲ့အခါ၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုပေါ်ထွန်း ဖို့လုပ်ဆောင်တဲ့အခါ စစ်ရေးနဲ့ နိုင်ငံရေးက ဟန်ချက်ညီညီသွားဖို့ဘယ်လောက်အထိအရေးကြီးလဲ။ လက်ရှိ ပကတိ အနေအထားမှာရော စစ်ရေးနဲ့ နိုင်ငံရေးက ဟန်ချက် ညီညီသွားနေတယ်လို့ ပဒိုအနေနဲ့သုံးသပ်သလား။ အခုဆိုရင် ၂၀၂၁ အာဏာသိမ်းပြီးတဲ့ နောက်ပိုင်းမှာ အထူးသဖြင့် ဗမာမဟုတ်တဲ့ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းတွေက သူတို့ရဲ့ စစ်ရေး အခြေအနေတွေ ပြန်ပြီးတော့ အားကောင်းလာတာကိုတွေ့ရတယ်။*

*ဗမာ အများစု နိုင်ငံရေးအင်အားစုတွေကရော သူတို့တွေရဲ့ နိုင်ငံရေးညှိနှိုင်းသဘောတူညီမှုတွေကရော ဟန်ချက် ညီနေသလား။ အဓိကအဲ့ဒါကို ဆွေးနွေးစေချင်တာဖြစ်တယ်။ စစ်ရေးနိုင်ငံရေးက ဘယ်လောက်အရေးကြီးသလဲ။ လက်ရှိမှာက စစ်ရေးနိုင်ငံရေးက ဟန်ချက်ညီညီသွားနေသလား။ တစ်ဖက်မှာ ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေက စစ်ရေးမှာ အားကောင်းနေသလိုမျိုး ဗမာတိုင်းရင်းသားတွေရဲ့ နိုင်ငံရေးသဘောတူညီမှု တွေကရော ဘယ်လောက်အထိ ဟန်ချက်ညီမှုရှိနေသလဲဆိုတာကို အနှစ်ချုပ်ဆွေးနွေးပေးဖို့ ပဒိုတာဒိုမူးကို ဖိတ်ခေါ်ပါ တယ်။*


ပဒို တာဒိုမူး
ကရင်အမျိုးသားအစည်းအရုံး




## ပဒို တာဒိုမူး

**ကရင်အမျိုးသားအစည်းအရုံး**


ကျတော့်ကို ဖိတ်ခေါ်တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဆရာမပြောသွားသလိုပဲ စစ်ရေးနဲ့နိုင်ငံရေး ဟန်ချက်ညီညီ သွားဖို့ဘယ်လောက်အရေးကြီးသလဲဆိုတော့ အမှန်ကကျတော်ကတော့ လက်ရှိသွားနေသလား ဆိုတဲ့ မေးခွန်းကို ဖြေရမယ်ဆိုရင်တော့ အဲ့ဒီလမ်းကြောင်းထဲမှာ ရှိနေတယ်လို့ပဲ ကျတော်ဖြေချင်တယ်။ ဒါပေမယ့် ပိုပြီးတော့ အားကောင်းအောင် သွားဖို့ဆိုရင် စစ်ရေးနဲ့နိုင်ငံရေးက ကျတော့် အနေနဲ့ဆိုရင်တော့ ဒင်္ဂါး တစ်ပြားရဲ့ ခေါင်းနဲ့ပန်းပါပဲ။ ကျတော်တို့က တော်လှန်စစ်ကို ဆင်နွှဲနေကြတာ ဖြစ်တဲ့အတွက်ကြောင့် စစ်ရေး၊ တိုက်ခိုက်ရေးသမား တစ်ယောက်က နိုင်ငံရေး အမြင်ရှိရမှာဖြစ်သလို၊ နိုင်ငံရေးသမား တစ်ယောက်ကလည်း စစ်ရေး အမြင်ရှိဖို့လိုတယ်။ အဲ့အတွက်ကြောင့် စစ်ရေးနဲ့နိုင်ငံရေးက ဟန်ချက်ညီညီသွားဖို့အရေးကြီးတယ် ဆိုတာထက် စစ်ရေးနဲ့ နိုင်ငံရေးက အတူတကွ တစ်ခုတည်းပုံစံမျိုးနဲ့ သွားဖို့လိုတယ်ဆိုတာကို ကျတော်ပြောလို ပါတယ်။ ဘာကြောင့်လဲဆိုတော့ စစ်ရေးလို့ပြောတဲ့နေရာမှာ Terminology အရဆိုရင် စစ်ရေးစစ်ရာ War affair လို့ခေါ်တာပေါ့။ Military Affair က War Affair ထဲမှာပါတဲ့ အချက်တစ်ချက်ပဲဖြစ်တယ်။

အဲ့တော့ War Affair လို့ပြောတဲ့နေရာမှာ စစ်ရေးစစ်ရာလို့ ပြောရင် အဓိက အပိုင်း သုံးပိုင်းရှိတယ်။ ပထမအပိုင်းကတော့စစ်အောင်နိုင်ရေးအတွက် စစ်တပ်တစ်တပ်လုံးရဲ့ ပြင်ဆင်ရတဲ့ကိစ္စတွေ ထောက်ပို့တို့၊ ဗျူဟာတို့၊ ထောက်လှမ်းရေးတို့၊ စိတ်ဓာတ်စစ်ဆင်ရေးစသည်ဖြင့်ပေါ့။ နောက်တစ်ခုက စစ်တပ်တစ်တပ်လုံးရဲ့ Discipline လို့ အမိန့်ပေးစီးဆင်းမှုတွေ Control, Command ကိစ္စတွေ၊ ပြီးတော့ စစ်တပ်ရေးရာဥပဒေနဲ့ ကျင့်ဝတ်ပိုင်းဆိုင်ရာ လိုက်နာမှုတွေ အဲ့လိုကိစ္စတွေက အပိုင်းတစ်ပိုင်းအနေနဲ့ပါပြီးတော့ နောက်ဆုံး တစ်ပိုင်းကတော့ စစ်ဖြစ်လာပြီ ဆိုရင် အရပ်သားတွေအတွက် ဘယ်လိုစဉ်းစားထားသလဲ။ အရပ်သား ကာကွယ်ရေးအတွက် လူသားချင်းစာနာ ထောက်ထားမှုတွေ ဘယ်လိုစဉ်းစားထားသလဲ။ စစ်ပြီးရင် Post War မှာဘယ်လိုပြန်ပြီးတော့ Stabilization ကိစ္စတွေ ဘယ်လိုစဉ်းစားသလဲဆိုတာက အကုန်လုံး ထည့်တွက်ရတယ်။ အဲ့အတွက်ကြောင့် စစ်ရေးလို့ ပြောလိုက်တယ်ဆိုရင် အဓိက အပိုင်း သုံးပိုင်းကို ကျတော်တို့ အားလုံးက ထဲထဲဝင်ဝင် နားလည်ကြတယ်ဆိုရင် ကျတော်တို့ နိုင်ငံရေးအပိုင်းကိုလည်း တစ်ထပ်တည်း ပြင်ဆင်မှု တစ်ခုအနေနဲ့ ဆက်သွားနိုင်တဲ့ သဘောဖြစ်တယ်။

ဒီနေရာမှာ ကျတော် ပြောလိုတာက စစ်ပွဲအောင်မြင်ရေးနဲ့ တိုက်ပွဲအောင်မြင်ရေးဆိုတာ မတူဘူးဆိုတာ ပြောချင်တယ်။ တိုက်ပွဲတွေတော့ ကျတော်တို့ နိုင်ကြပါတယ်။ တစ်ပွဲပြီးတစ်ပွဲ မြို့တွေသိမ်းတယ်။ ဒါပေမယ့် စစ်ပွဲလို့ပြောတဲ့နေရာတစ်ခုလုံးမှာဆိုရင် စစ်ပွဲအောင်မြင်ရေး ဆိုတာက စစ်ပွဲတစ်ခု အနိုင်ရပြီဆိုရင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့

အချက်တွေပါ ထည့်သွင်းစဉ်းစားတဲ့ ကောင်းမွန်တဲ့ ဗျူဟာရှိဖို့လိုတယ်။ အဲ့တော့ အဲ့ဒီမှာ သံတမန်ရေးရာ ကြိုးပမ်းမှုတွေ၊ စီးပွားရေး ပိတ်ဆို့မှုတွေ၊ အဲ့အပြင် စစ်ရေးဆောင်ရွက်မှုနဲ့ လူထုရေးရာ လှုပ်ရှားမှု စတာတွေ အကုန်လုံး၊ တစ်စုံလုံးပါတယ်။

> ဆိုလိုချင်တာက တော်လှန်စစ်အောင်မြင်ဖို့ဆိုရင် အဲ့လိုမျိုး နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လုံခြုံရေး၊ လူမှုရေး အကုန်လုံးထည့်တွက်ပြီး စဉ်းစားကြရတာ ဖြစ်တဲ့အတွက်ကြောင့် စစ်ပွဲတစ်ခုအောင်မြင်ဖို့ဆိုရင် ပိုပြီး အရေးကြီးတာက နိုင်ငံရေး ရည်မှန်းချက် အောင်မြင်ဖို့နဲ့ တစ်ထပ်တည်း ဖြစ်နေဖို့လိုတယ်။ အဲ့အတွက်ကြောင့် နိုင်ငံရေး ရည်မှန်းချက် အောင်မြင်ဖို့ဆိုရင်တော့ တိုက်ပွဲတွေ တစ်ပွဲပြီး တစ်ပွဲ အောင်မြင်ဖို့ဆိုတာထက် စစ်ပွဲတစ်စုံလုံး အောင်မြင်ဖို့ အရေးကြီးတယ်ဆိုတာကို ထောက်ပြလိုတာဖြစ်တယ်။

ဒါကြောင့်မို့ ဒီနေ့ဒီကာလမှာ ကျတော်တို့တွေ အသာစီးရတယ်ဆိုပေမယ့် တိုက်ပွဲတွေကို အောင်တယ်ဆိုပေမယ့် တော်လှန်စစ်ကို အောင်မြင်ဖို့ကတော့ ကျတော်တို့ ဆက်ပြီး ကြိုးစားဖို့လိုတယ်။ တိုက်ပွဲ တွေ အောင်မြင်တယ်ဆိုတာ စစ်ပွဲရဲ့အရှိန်ကို ပြောင်းနိုင်တယ်ဆိုပေမယ့်လည်း ရေရှည်ရလဒ်မထွက်ဘူး။ ရေရှည် ရလဒ်ထွက်တာက တိုက်ပွဲအောင်မြင်မှုတိုင်းသည် စစ်ပွဲအောင်မြင်မှုအတွက် အထောက်အကူပြုတဲ့ လုပ်ငန်းစဉ်တွေ ဖြစ်ဖို့လိုတယ်။ တစ်ဖက်မှာ ပြန်ပြောရင် နိုင်ငံရေး လုပ်ငန်းစဉ်ကို ထောက်ကူတဲ့ တိုက်ပွဲအောင် မြင်မှုတွေရမှ စစ်ပွဲအောင်မြင်မှု ဆိုတာဖြစ်လာမယ်ဆိုတဲ့ အခြေခံကို ပြောချင်တာ ဖြစ်တယ်။ ဒီဟာကို ဟန်ချက်ညီညီ သွားနေသလားဆိုတဲ့ အပိုင်းမှာတော့ အခုလို ကျယ်ကျယ်ပြန့်ပြန့်နဲ့ သွားတယ်ဆိုရင် နိုင်ငံရေးသမားက လည်း နိုင်ငံရေးချည်းပဲ ဆိုတာကိုပဲ မတွက်တော့ဘဲနဲ့ သူလုပ်တဲ့ နိုင်ငံရေးနဲ့ စစ်ရေးနဲ့ အကုန်လုံးတွဲပြီးတော့ စဉ်းစားရင်းနဲ့ တော်လှန်ရေး အောင်မြင်အောင် လုပ်နိုင်မယ့် အနေအထားကို ရောက်မယ်ပေ့ါနော်။ အဲ့အတွက် ကြောင့် ဒီဟာက ပထမမေးခွန်း တစ်ခုအနေနဲ့ ကျတော်ဆွေးနွေးတာဖြစ်ပါတယ်။

ဒုတိယ မေးခွန်းတစ်ခုကတော့ ဗမာအများစု နိုင်ငံရေး အင်အားစုတွေနဲ့ နိုင်ငံရေး ညှိနှိုင်းသဘောတူညီမှု ဟန်ချက်ညီညီရှိရဲ့လားဆိုတာ ဒီနေရာ မှာ နိုင်ငံရေး ညှိနှိုင်း သဘောတူညီမှုတွေက ဘယ်အခြေခံပေါ်မှာလည်းဆိုတော့ လက်ရှိကတော့ အားလုံးရဲ့ သဘောထားက ဘုံရည်မှန်းချက်ကတော့ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုထူထောင် ဖို့ပဲဖြစ်တယ်။ ဒါပေမယ့် ဒီနေရာမှာ ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံထူထောင်ဖို့က ဘယ်လို ဖက်ဒရယ်မျိုးကို ထူထောင်မလဲဆိုတာ ကလည်း ကျတော်တို့ ကြားမှာ မရှင်းသေးဘူး။ အဲ့ဒီအခြေခံကအစ ဗမာမဟုတ်တဲ့ နိုင်ငံရေးအင်အားစုတွေ ကလည်း ဘယ်လို ဖက်ဒရယ် အခြေခံနဲ့ သွားကြမလဲဆိုတဲ့ အပိုင်းမှာကတော့ ကျတော်တို့ ညှိနှိုင်းမှုတွေ အများကြီး လိုအပ်တယ်။ တစ်ဖက်မှာလည်း ညှိနှိုင်းမှု ချည်းပဲ မဟုတ်ဘဲနဲ့ လက်တွေ့ကျတဲ့ အကောင်အထည်ဖော်မှု တွေလည်း လုပ်ဖို့လိုတယ်။ အဲ့ဒါက ဘာတွေလည်းဆိုရင် အစောတုန်းက ဆရာမ Day Myar ပြောသွားသလို ကရင်နီကနေပြီးတော့ ကရင်နီပြည်ကို ဖက်ဒရယ် အခြေခံကနေ ကြိုးစားပြီးတော့ တည်ဆောက်သွားကြတာ ရှိတယ်။ ပြောချင်တာက ဖက်ဒရယ် ပြည်ထောင်စုတစ်ခု၊ ဖက်ဒရယ် ယူနစ် တစ်ခု လုပ်ဖို့ဆိုရင် သူ့မှာ Federal Constitution, State Constitution Drafting Process ဆိုတာရှိတယ်။

> ကျတော်ကတော့ ဆွေးနွေး ချင်တာက နိုင်ငံရေး ညှိနှိုင်း သဘောတူညီမှုဆိုတာ ဘာအတွက်လဲဆိုရင် ကျတော်တို့က ဖက်ဒရယ်ကို သွားကြမယ်ဆိုရင် သက်ဆိုင်ရာ ဖက်ဒရယ်ယူနစ်တွေကနေပြီးတော့ ကိုယ့်သက်ဆိုင်ရာ ဖက်ဒရယ်ယူနစ် Draft တွေ၊ Constitutional Process တွေလုပ်ဖို့ လိုတယ်လို့ ဆွေးနွေးချင်တယ်။

အဲ့ဒါကလည်း အဆန်းတော့မဟုတ်ပါဘူး။ ပြည်နယ်တွေ အတွက်ကတော့ ကျတော်တို့ တောက်လျှောက် လုပ်လာခဲ့ပြီးပြီ။ ကျတော်တို့ကရင်ဆိုရင် Kaw Thoo Lei Constitution ဆိုပြီးတော့ Draft (၃) အထိရှိနေပြီ။ အချို့ ပြည်နယ်ဆိုရင်လည်း Draft (4), Draft (5) အဲ့လိုမျိုးတွေရှိနေကြတယ်။ ပြောချင်တာက ပြည်နယ် Constitutional Drafting အဖွဲ့တွေကြားမှာ ညှိနှိုင်း လုပ်ဆောင်မှုတွေကနေပြီးတော့ ကျတော်တို့ ပိုပြီး အားကောင်းတဲ့ ညှိနှိုင်း လုပ်ဆောင်မှုတွေနဲ့ အားကောင်းတဲ့ ပြင်ဆင်မှုတွေ၊ အသွင်ကူးပြောင်းရေး ကာလအတွက် ပြင်ဆင်မှုတွေကို အထောက်အကူဖြစ်လိမ့်မယ်။ တစ်ခါ တည်းမှာပဲ ပြည်နယ် Constitution Drafting ရေးဆွဲတဲ့ အဖွဲ့တွေကြားထဲမှာ ပိုပြီးတော့ နောက်တစ်ဆင့်ထပ်လုပ်သင့်တာက ပြည်ထောင်စု Level မှာ ရှိတဲ့အစိုးရအလွှာ Federal Level အတွက်ကိုလည်း ဘယ်လို စဉ်းစားသလဲ ဆိုတာကအစ အခုကတည်းက ကြိုတင်ညှိနှိုင်းပြီး Brain Strom လုပ်ထားတဲ့ကိစ္စတွေကို လုပ်ထားနိုင် တယ်ဆိုရင် အသွင်ကူးပြောင်းရေးကာလကို လျော့လျော့ရှူရှူနဲ့ ကျော်လွှား သွားနိုင်မယ်လို့ ထင်တယ်။ ဒါကြောင့် ဒီနေရာမှာ နိုင်ငံရေးညှိနှိုင်းသဘောတူညီမှုဆိုတာက အဲ့အပေါ်မှာ အခြေခံသင့်တယ်လို့ ထင်တယ်။ ဒါကြောင့် အဓိကက ဖက်ဒရယ်ကို လက်တွေ့ကျကျ သွားနေကြပြီ။

> အဲ့အတွက်ကြောင့် ကျတော်တို့ သွားနေတဲ့ဖက်ဒရယ်သည် Bottom-Up Federalization လို့ပဲခေါ်ခေါ် ကျတော်တို့က အခုလက်ရှိစစ်တပ်ရဲ့ လစ်ဟာသွားတဲ့ Social Service လူထု ဝန်ဆောင်မှု ကိစ္စတွေကို ကျတော်တို့အားဖြည့်ရင်းနဲ့ တစ်ဖက်မှာလည်း အနာဂတ်အတွက် ပြင်ဆင်ရင်းနဲ့၊ ပြင်ဆင်နေတဲ့ အဖွဲ့တွေကြားထဲမှာလည်း ညှိနှိုင်းရင်းနဲ့ စုစည်းတဲ့ အနေအထား တစ်ခုကို ကျတော်တို့ အားကောင်းကောင်းနဲ့ သွားနိုင်မယ်လို့ ယူဆပါတယ်။

ဒါကြောင့် ကျတော်တို့ ဘယ်လို ညှိနှိုင်းမှုတွေနဲ့ ဆက်သွားသင့်သလဲဆိုတဲ့ နေရာမှာ အဲ့လိုမျိုး အနာဂတ်ကို မျှော်ရည်တဲ့ လက်ရှိ Ground ကနေ ညှိနှိုင်း ဆောင်ရွက်မှုကနေ သွားမယ်ဆိုရင် နားလည်မှုတွေ ပိုရှိမယ် အနာဂတ် အတွက်လည်း ပြင်ဆင်မှု အားကောင်းလာမယ်၊ လက်ရှိ အနေအထားကိုလည်း ကျော်လွှား သွားနိုင်မယ်ဆိုတဲ့ ရှုထောင့်ကနေ ဆွေးနွေးတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။



**နာင်းမိုမို**

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**

အများကြီး ကျေးဇူးတင်ပါတယ်။ အဓိကကတော့ စစ်ရေး၊ နိုင်ငံရေးလို့ပြောရင် မှတ်သားစရာကောင်း တဲ့ ခေါင်းနဲ့ပန်း ခွဲလို့မရဘူး၊ အတူတူဖြစ်တယ်ဆိုတဲ့ဟာပေါ့နော်။ ကျမတို့နိုင်ငံရေးပြင်ဆင်တဲ့အခါမှာပဲဖြစ်ဖြစ် စစ်ရေးပြင်ဆင်တဲ့အခါမှာပဲဖြစ်ဖြစ် တစ်ထပ်တည်းဟန်ချက်ညီညီသွားနေဖို့က အရေးကြီးတယ်ဆိုတာကို ဆွေးနွေးသွားပေးတဲ့အတွက် အများကြီးကျေးဇူးတင်တယ်။ တစ်ဖက်မှာ လက်ရှိ ပကတိ အနေအထား ဆိုရင်တော့ တိုက်ပွဲတွေအောင်တယ်။ ဒါပေမယ့် စစ်ပွဲအောင်နိုင်ရေးကိုလည်း ပိုပြီး အလေးထားပြီး စဉ်းစားဖို့လိုတယ်၊ လုပ်ဆောင်ဖို့လိုတယ်၊ ပြင်ဆင်ထားဖို့ လိုတယ်ဆိုတာကိုလည် အများကြီး ဆွေးနွေးပေးတဲ့အတွက် ကျေးဇူးတင် ပါတယ်။ တကယ့်တကယ် တိုက်ပွဲအောင်ပေမယ့်လည်း စစ်ပွဲ အောင်တာမဟုတ်ဘူး။ စစ်ပွဲအောင်ဖို့အတွက်က သတ်မှတ်ထားတဲ့ စံသတ်မှတ်ချက်တွေ ရှိတယ်။ စစ်ပွဲ အောင်နိုင်ဖို့အတွက်ကို ဟန်ချက်ညီညီနဲ့ နိုင်ငံရေးဆိုရင် လည်းနိုင်ငံရေးမျှော်မှန်းချက်၊ စစ်ရေးဆိုရင်လည်း စစ်ရေး မျှော်မှန်းချက်တွေက တစ်ထပ်တည်း ဟန်ချက်ညီ ညီသွားမှပဲ စစ်ပွဲအောင်နိုင်ရေးကို သွားနိုင်မှာ ဖြစ်တယ်ဆိုတာကို ဆွေးနွေးပေးသွားတဲ့ အတွက်လည်း ကျေးဇူးတင်တယ်။

တစ်ဖက်မှာက အခုဆိုရင် ဖက်ဒရယ် ပြည်ထောင်စုကို သွားမယ်ဆိုပေမယ့်လည်း ပကတိအနေ အထားမှာတော့ ဘယ်လိုဖက်ဒရယ်ပုံစံမျိုးကို သွားချင်သလဲဆိုတဲ့ဟာမျိုးတွေက ကျမတို့ အစုအဖွဲ့အချင်းချင်း ကြားမှာ ညှိနှိုင်းမှုတွေ အများကြီး လိုအပ်တယ်ဆိုတာ ဆွေးနွေးပေးသွားတယ်။ တစ်ဖက်မှာလည်း ညှိနှိုင်းမှုတွေ လုပ်တာတွေ မကဘဲနဲ့ လက်တွေ့ အကောင်အထည် ဖော်မှုတွေကလည်း လိုအပ်တယ် လုပ်ဖို့လိုနေတယ်ဆိုတာ ဆွေးနွေးပေးတာ အများကြီး ကျေးဇူးတင်တယ်။ ဒီယူနစ်တွေက Bottom–Up ကနေ စတင်ချဉ်းကပ်တဲ့ဟာ ကလည်း လုပ်ဆောင်ဖို့လိုတယ်။ ကိုယ့်ရဲ့ပြည်နယ်တွေ၊ ကိုယ့်ရဲ့ဒေသတွေမှာဆိုရင် ဖွဲ့စည်းပုံတွေရေးဆွဲပြီး ကျင့်သုံးတာ ညှိနှိုင်းလုပ်ဆောင်မှုတွေ လုပ်ဆောင်ဖို့လိုသလိုမျိုး တစ်ဖက်မှာ Federal Level ကရော ကျမတို့ ပြောနေတဲ့ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု မြန်မာနိုင်ငံကြီးကရော ဘယ်လို ပုံစံဖြစ်သင့်သလဲ၊ ဖြစ်ချင်သလဲ ဆိုတာမျိုးတွေကလည်း စပြီးတော့စဉ်းစားဖို့၊ လုပ်ဆောင်ဖို့၊ ချဉ်းကပ်ဖို့ လိုတယ်ဆိုတာကိုလည်း ဆွေးနွေးပေး သွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်ထပ် Round (2) ကိုသွားချင်ပါတယ်။

*ဆရာသွင်လင်းအောင်နဲ့ပဲ စပြီးတော့ မေးခွန်းမေးချင်တယ်။ ဒီ Round မှာဆရာ့အနေနဲ့ (၅) မိနစ်လောက် ဆွေးနွေးပေးပါ။ ဆရာ ပထမ Round မှာလည်း ဆွေးနွေးသွားတာပါတယ်။ NUCC အခင်းအကျင်းကြီးရှိတယ်၊ တစ်ဖက်မှာလည်း NUCC ပြင်ပမှာလည်း အခြားသော နိုင်ငံရေးဆွေးနွေးမှုတွေ လုပ်ဆောင်မှုတွေရှိတယ်ဆိုတာကိုလည်း ဆွေးနွေးသွား တာမှာပါတယ်။ အထူးသဖြင့် ဒီမှာ ထပ်ပြီး ဆွေးနွေးစေချင်တာက ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းဖို့တွေ လုပ်ဆောင်တဲ့အခါမှာ ကျမတို့ တော်လှန်ရေး အင်အားစုတွေကြားမှာ ဘယ်လိုမျိုးပူးပေါင်းဆောင်ရွက်မှုတွေ ရှိသင့်သလဲပေါ့။ အဲ့ဒီပူးပေါင်းဆောင်ရွက်မှုတွေကရော ဘယ်လို အားကောင်းအောင် လုပ်ဆောင်သင့်သလဲ ဆိုတာကို ဆွေးနွေးအကြံပြုသုံးသပ်ပေးဖို့ဖြစ်ပါတယ်။*




## သွင်လင်းအောင်

**စစ်အာဏာရှင်စနစ်တိုက်ဖြုတ်ရေး အထွေထွေသပိတ်ကော်မတီ**


ကျေးဇူးတင်ပါတယ်။ ပထမတစ်ခါတုန်းကမေးခွန်းကတော့ လောလောဆယ်ဖြစ်ထွန်းနေတဲ့ အခြေ အနေတွေ အပေါ်မှာ ဆွေးနွေးခိုင်းတာလို့မြင်တယ်။ အခုအခြေအနေကတော့ အဲ့လိုဖြစ်နေတဲ့အခြေအနေအ ပေါ်မှာ ကျတော့်အနေနဲ့ ဘယ်လို လုပ်လိုက်ရင် ကောင်းမယ်ဆိုတဲ့ အကြံပြုဆွေးနွေးမှုကို ကျတော့်ကိုမေးမြန်း တယ်လို့ ယူဆပါတယ်။ ကျတော်ထင်တယ် လက်ရှိ လုပ်ဆောင်နေတဲ့အပေါ်မှာ ရှေ့ကမေးခွန်းနဲ့ ပြန်ချိတ်ရမယ် ဆိုရင် စစ်အာဏာရှင်စနစ် စကစကို အမြစ်ပြတ် ချေမှုန်းနိုင်ဖို့နဲ့ ကျတော်တို့ရည်မှန်းထားတဲ့ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု သစ်ကြီးဆီကိုသွား နိုင်ဖို့ကို ဘယ်လိုတွေ ပိုကောင်းအောင် လုပ်နိုင်မလဲဆိုတာ နှစ်ခုခွဲပြီး တော့ ကျတော့်အနေနဲ့ အတိုချုံးပြီး ဆွေးနွေးချင်ပါတယ်။

အာဏာရှင်အမြစ်ပြတ်ဖို့ကတော့ စစ်ရေးကတော့ လောလောဆယ်မှာ ပိုပြီးတော့လိုအပ်နေတယ်။ အရှေ့မှာလည်း ပဒိုတာဒိုမူး ပြောသွားတဲ့ အထဲမှာတော့ အများ ကြီးပါပါတယ်။ နိုင်ငံရေးအနေနဲ့ တစ်စုံလုံးကို ဘယ်လို လုပ်သင့်လဲဆိုတာ ကျတော့်အနေနဲ့ စစ်ရေးကိုလည်း အများကြီး ကျွမ်းကျင်တာ မဟုတ်တဲ့အတွက် ဘာပဲဖြစ်ဖြစ် ကျတော်တို့အနေနဲ့ မြင်ရတာကတော့ အခုလိုမျိုး စစ်မျက်နှာစုံဖွင့်ပြီးတော့ တိုက်ခိုက်တယ်ဆိုရင် စကစက တော်တော်လေး ဒုက္ခရောက်တာကို တွေ့ရတယ်။ အခုလိုမျိုး ပြုလဲနေတဲ့အချိန်မပြောနဲ့ ဟိုအချိန်ကတည်းက တစ်စုံတစ်ရာ အားကောင်းတဲ့ အချိန်မှာတောင်မှ စစ်မျက်နှာစုံဖွင့်ပြီးတော့ တိုက်ရင် သူတို့ အတွက် ပိုပြီးတော့ ဒုက္ခရောက်တယ်၊ ပိုပြီး အကြပ်အတည်းဖြစ်တာကို တွေ့ရတယ်။ အဲ့လိုမျိုး စစ်ရေးနဲ့ ပတ်သက်ပြီး တိုက်ခိုက်နေတဲ့ အဖွဲ့တွေကြားထဲမှာ ဒီလိုမျိုး စစ်မျက်နှာစုံဖွင့်ပြီး ညှိနှိုင်းပြီးတော့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ Harmonize ဖြစ်မယ်၊ ပိုအောင်မြင်မယ်လို့မြင်တယ်။ ဒါပေမယ့် ကျတော့်အမြင်ကတော့ ကျတော်တို့ အမြဲပြောလေ့ရှိတဲ့ "သပိတ်စုံ၊ သူပုန်ထ" ပေ့ါ။ အခုလိုမျိုး စစ်ရေးအရ ဘက်စုံကနေ ထိထိရောက်ရောက် တိုက်နေသလို မြို့ပေါ်တွေမှာလည်း လူထုတိုက်ပွဲကို အရှိန်အဟုန် ကောင်းကောင်းနဲ့ ပြန်ပြီးလုပ် နိုင်မယ်ဆိုရင် ပိုပြီးအောင်မြင်မယ်လို့မြင်ပါတယ်။ အခုချိန်မှာ ဗမာတစ်နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အဖွဲ့ချုပ်အပါအဝင် သပိတ်အဖွဲ့တွေကလည်း ဒီလိုမျိုးဟာတွေ လုပ်ဆောင်နေတာ တွေ့ရပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုသစ် ပေါ်ထွန်းဖို့အတွက်ကိုရော ဘာတွေညှိနှိုင်းမှုတွေ လုပ်ဆောင်သင့်သလဲဆိုတာ ခုနပြောသလိုပါပဲ ပဒိုတာဒိုမူး ပြောသွားတဲ့အထဲမှာ တော်တော်များများ ပါပါတယ်။ ပထမအဖြေနဲ့ပြန်ကောက်ရရင် အခု လက်နက်ကိုင်တော်လှန်ရေးဆင်နွဲနေတဲ့ အဖွဲ့တွေက ကောင်းမွန်သော အရပ်ဖက်စစ်ဖက် ဆက်ဆံရေးဆိုတဲ့ စံနှုန်းတွေ အောက်ကနေပြီးတော့မှ နိုင်ငံရေးဦးဆောင်မှုအောက်မှာ သွားနေတဲ့အဖွဲ့တွေ ဖြစ်တယ်။

အဲ့ဒီ နိုင်ငံဦးဆောင်မှုအဖွဲ့တွေ အနေနဲ့ ပိုပြီးတော့မှ အားကောင်းတဲ့ နိုင်ငံရေး သဘောတူညီချက်တစ်ခုကို ချမှတ်နိုင်အောင်၊ အနည်းဆုံးတော့ အဲ့လို ချမှတ်နိုင်မယ့် အခြေအနေမျိုးကို ဦးတည်နိုင်အောင် ဦးဆောင်နိုင်မယ်ဆိုရင်တော့ တစ်စုံလုံး စစ်အနေနဲ့ပါ အနိုင်ရပြီးတော့ ကျတော်တို့လိုလားတဲ့ ဖက်ဒရယ် ဒီမိုကရေစီပြည်ထောင်စု ဒါမှမဟုတ်ရင်လည်း အားလုံးရဲ့ အနာဂတ်အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ကိုအာမခံနိုင်တဲ့ ပြည်ထောင်စုသစ်ကြီးဆီကို မြန်မြန်ဆန်ဆန်နဲ့ ရောက်နိုင်မယ်လို့ ကျတော်ထင်တယ်။

နောက် တစ်ခုက NUCC မှာလည်း ဒီလိုမျိုးနိုင်ငံရေး သဘောတူညီချက်တွေကို ရအောင်လို့ ဘယ်လိုပံ့ပိုးကူညီဆောင် ရွက်ရမလဲဆိုတာ စဉ်းစားထားတာရှိတယ်လို့ ကျတော်တို့သိရတယ်။ နောက်တစ်ခုက တလောက ကချင်တော်လှန်ရေးနေ့မှာ ဗိုလ်ချုပ်ကြီး အင်ဘန်လ ပြောသွားတဲ့ ကိစ္စကလည်း ဒါပါပဲ။ အခုချိန်ကတည်းက ဒီလိုဆွေးနွေးညှိနှိုင်းမှုကို စပြီးတော့မှ လုပ်ဆောင်နေသင့်ပြီလို့ ပြောသွားတဲ့အတွက် အဲ့ဒါမျိုးတွေလုပ်ရင် ပိုကောင်းမယ်လို့ ထင်ပါတယ်။ နောက်တစ်ခုကတော့ တော်လှန်ရေး အဖွဲ့တွေအနေနဲ့က လက်ရှိမှာ စကစကို အကြပ်အတည်း ကြုံရေးကို ပိုပြီးဦးတည်ပြီးတော့ ကိုယ့်နဲ့နီးစပ်တဲ့ ဒေသမှာရှိတဲ့ မြို့တွေကို တိုက်တယ်၊ သိမ်းတယ်။ ဒါတွေကို လုပ်ဆောင်ကြတဲ့အခါမှာ သေချာတာကတော့ ရေတိုအုပ်ချုပ်ရေးကို သိမ်းပိုက်လိုက်တဲ့ တပ်ဖွဲ့တွေကဖော် ဆောင်ရမှာပဲဖြစ်တယ်။ အဲ့လိုမှမဟုတ်ရင်လည်း သိမ်းပြီးတဲ့အချိန်မှာ ပြည်သူလူထုကို ကာကွယ်နိုင်ဖို့ ဥပဒေ စိုးမိုးနိုင်ဖို့ ကိစ္စတွေကိုမလုပ်နိုင်ရင်ပြည်သူတွေအတွက် ပိုပြီးအခက်အခဲဖြစ်မယ်။ အဲ့အတွက်ကြောင့် ရေတို အုပ်ချုပ်ရေးကို လုပ်ဆောင်နေကြတာ တွေ့တယ်။ တကယ်လည်း လုပ်ဆောင်သင့်တယ်။ ဒါပေမယ့် ရေရှည် အုပ်ချုပ်ရေးကို ဆက်လက်လုပ်ဆောင်တဲ့အခါမှာတော့ အားလုံးပါဝင်တဲ့ ဆွေးနွေး ညှိနှိုင်းမှုတွေကနေ ရရှိတဲ့ နိုင်ငံရေး သဘောတူညီချက်တွေအပေါ်မှာ မူတည်ပြီးတော့မှ ဘယ်လိုတွေအုပ်ချုပ်ကြမလဲ၊ ဘယ်လိုတွေ သွားကြမလဲဆိုတာကို သွားကြမယ်ဆိုရင်တော့ ကျတော်တို့မျှော်မှန်းတဲ့ အနာဂတ်ပြည်ထောင်စုအသစ်ကြီး ဆီကို သွားနိုင်လိမ့်မယ်လို့ ကျတော်ယုံကြည်တယ်။

နောက်ဆုံးတစ်ခုကတော့ အဓိကကတော့ နိုင်ငံရေး သဘောတူညီချက်လို့ ပြောတဲ့အခါမှာ NUCC အထဲမှာဆိုရင် အသွင်ကူးပြောင်းရေးကာလဆိုင်ရာဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုပြီးတော့ ရေးဖို့စဉ်းစားခဲ့ကြတယ်။ တကယ်တော့ အဲ့ဒါကစစ်အာဏာရှင်ကို အမြစ်ပြတ် ချေမှုန်းပြီးတဲ့အခါမှာ ကျင့်သုံးဖို့အတွက် ပိုပြီးတော့ ဦးစားပေးတယ်။ ဒါပေမယ့် အဲ့ဒါကတော့ဆိုမှုတွေ ရှိနေတာလည်း အားလုံးအသိပဲ။ အခုအခြေအနေမှာတော့ စစ်အာဏာရှင်စနစ်ကို တစ်စုံတစ်ရာ အမြစ်ဖြတ်ထားနိုင်တဲ့ ဒေသတွေ အများကြီး ပေါ်လာပြီ။ အဲ့ဒေသတွေမှာရှိနေတဲ့ သက်ဆိုင်ရာ တော်လှန်ရေးအဖွဲ့ အစည်းတွေအနေနဲ့ အထူးသဖြင့်တော့ KSCC လုပ်သလိုမျိုးပေါ့။ အဲ့လိုအဖွဲ့တွေကနေ ပြီးတော့မှ ဘာတွေလုပ်မလဲဆိုတဲ့ အသွင်ကူးပြောင်းရေးကာလ အစီအစဉ်တွေကို စဉ်းစားထားတာမျိုးကို ပိုပြီးလုပ်သင့်ပြီလို့ထင်တယ်။ အချင်းချင်းကြားမှာ ညှိနှိုင်း ထားတာမျိုးပေါ့။ ဆိုလိုတာက ဘယ်အချိန်ထိ စကစရဲ့ ရန်ကို တောင့်ခံနိုင်ဖို့အတွက် တပ်တွေကိုထားမလဲ၊ ဘယ်အချိန်ကျရင်တော့ တပ်တွေကိုဖျက်သိမ်းမလဲ၊ အဲ့ဟာတွေကအစ အခြားသော အုပ်ချုပ်ရေး၊ အခြားသော ဥပဒေပြုရေးကိစ္စတွေပါ စပြီးဆွေးနွေးဖို့လိုပြီထင်တယ်။

အဲ့ဒီ ဒေသတစ်ခုစီကနေ စဉ်းစားမှုတွေက ကျတော်တို့ တန်ဖိုးထားတဲ့ Bottom-Up ပုံစံမျိုးနဲ့ အပေါ်ကိုယူလာပြီးမှ ဒါတွေကို တစ်နိုင်ငံလုံး အဆင့်အနေနဲ့ အားလုံးလွှမ်းခြုံပြီးတော့ အသွင်ကူးပြောင်းရေးကာလဆိုင်ရာ ဥပဒေတစ်ခု ပေါ်ပေါက်အောင် အသွင်ကူးပြောင်း ရေးကာလဆိုင်ရာ အစီအမံ တစ်ခုချင်းစီအပေါ်မှာ မူတည်ပြီးတော့ လုပ်ဆောင်သွားနိုင်မယ်ဆိုရင် ကျတော်တို့ မျှော်မှန်းတဲ့ပြည်ထောင်စုသစ်ကြီးဆီကို တည်တည်ငြိမ်ငြိမ်နဲ့ အေးအေးချမ်းချမ်းနဲ့ ရောက်နိုင်လိမ့်မယ်လို့ မြင်ပါတယ်။



**နှာင်းပိုပို့**
**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**

ဟုတ်ကဲ့ပါ။ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်မှုတွေလိုသလိုမျိုး တစ်ဖက်မှာ အားကောင်းတဲ့ နိုင်ငံရေးဘုံသဘောထားတွေကိုလည်း စုစည်းထားဖို့လိုတယ်၊ ပိုပြီး စုစုစည်းစည်း ဖြစ်ဖို့လိုတယ်။ NUCC မှာလည်း ဒီလို ဘုံသဘောတူညီချက်တွေ ရရှိဖို့အတွက် ကြိုးပမ်းနေတာ ကြားရတယ် ဆိုတာကိုလည်း ဆွေးနွေးသွားတယ်။ တစ်ဖက်မှာ ကျမတို့က အခုဆိုရင် အသွင်ကူးပြောင်းရေးကာလအစီအမံတို့၊ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံတို့ဆိုတာက ပထမစဉ်းစားချက်သည် စစ်အာဏာရှင်ကို အမြစ်ပြုတ်တိုက်ပြီးတဲ့ အခါမှာ ရေးဆွဲပြဋ္ဌာန်း ကျင့်သုံးဖို့ဆိုပေမယ့်လည်း လက်တွေ့ပကတိ အနေအထားမှာဆိုရင် အချို့နေရာတွေမှာက စပြီးတော့ ကျင့်သုံး ရမယ့်အနေအထားတွေဖြစ်တဲ့အခါကျတော့ ဒီ အသွင်ကူးပြောင်းရေး ကာလ အစီအမံ ဖွဲ့စည်းပုံ လိုမျိုးက စပြီး ကျင့်သုံးသင့်တယ်လို့ ဆွေးနွေးပေးသွားတယ်။ နောက်ပြီးတော့ တိုက်ပွဲတွေ ဆင်နွှဲတယ် အုပ်ချုပ်လို့ရတဲ့အခါမှာ ဆိုရင် တော်လှန်တဲ့ အင်အားစုတွေ အနေနဲ့က အဲ့ဒီနေရာကို ဘယ်လိုပုံစံနဲ့ အုပ်ချုပ်မလဲဆိုတဲ့ ရေတိုအုပ်ချုပ်ရေး ယန္တရားတွေကို လုပ်ဆောင်ဖို့လိုတယ်။ အဲ့ဒီမှာ အရမ်း အရေးကြီးတာတစ်ခုက ရေတို အုပ်ချုပ်ရေးတွေကို လုပ်တဲ့အခါမှာ အားလုံး သဘောတူထားတဲ့ သဘောတူညီချက်ပေါ်မှာ အခြေခံပြီးတော့ လုပ်ဆောင်သင့်တယ်ဆိုတာ ဆွေးနွေးပေးသွားတဲ့အတွက် အများကြီး ကျေးဇူးတင်တယ်။ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်မယ်၊ ဘုံသဘော တူညီချက်တွေကိုစုစည်းမယ်၊ ရရှိအောင် လုပ်ဆောင်မှ ကျမတို့ရဲ့ စစ်ရေးမျှော်မှန်းချက်တွေကိုလည်း ရောက်ရှိ မှာဖြစ်တယ်ဆိုတာကို ဆွေးနွေးပေးသွားတာ အများကြီးကျေးဇူးတင်ပါတယ်။

*ဆရာမ နိုးနိုးထက်စံကို အလှည့် ပေးချင်ပါတယ်။ အခုဆိုရင် လောလောလတ်လတ် ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ (၁) ရက်နေ့မှာ စစ်ကောင်စီကနေပြီး သက်တမ်း (၆) လ ထပ်ပြီးတိုးလာတယ်။ အဲ့မှာဆိုရင် နိုင်ငံရေးလမ်းပြမြေပုံ၊ နိုင်ငံရေးရပ်တည်ချက် (၅) ချက် ကိုလည်း သူတို့ ထုတ်ပြန်လာတာရှိတယ်။ ပြီးခဲ့တဲ့ တစ်ရက်နှစ်ရက်ကလည်း စစ်မှု မထမ်းမနေရ ဆိုတဲ့ ဥပဒေကို ပြန်ပြီး အသက်သွင်းလာတာရှိတယ်။ ဒါကတော့ စစ်ကောင်စီဘက်က ကြိုးပမ်းမှုတွေ၊ သူ့ရဲ့ခြေလှမ်းတွေ ဖြစ်တယ်။ ကျမတို့ တော်လှန်ရေး အင်အားစုတွေ အနေနဲ့ကရော ဒီ ၂၀၂၄ မှာ ဘာတွေ ပြင်ဆင်ထားသင့်လဲ၊ အချင်းချင်းကြားမှာရော ဘယ်လို ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်သင့်သလဲဆိုတာကို ဆရာမနိုးနိုး ထက်စံကနေ ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ချင်ပါတယ်။*



**နိုးနိုးထက်စံ**
**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**

ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ်။ ပထမဆုံးတစ်ခုကတော့ စစ်ကောင်စီက (၆) လ သက်တမ်းတိုးတယ်။ ပြီးရင် လမ်းပြမြေပုံ (၅) ချက်ပေါ့။ သူထုတ်ပြန်တဲ့ အချက်ကတော့ သူ့ရဲ့ထွက်ပေါက်ကို ထုတ်ထားတာ ပါပဲ။ ရွေးကောက်ပွဲနဲ့ ထွက်မယ်ဆိုတာ နံပါတ် (၁) အချက်နဲ့ (၄)၊ (၅) အချက်က ဒါကို အထောက်အကူ ပြုထားတယ်။ ပြီးရင် သူက ၂၀၁၀ ကာလကိုပြန်သွားချင်တာက NCA ကို ပြန်ပြီး အကောင်အထည်ဖော်ဖို့ ကြိုးစားမယ်။ ဒီအတိုင်း ဆက်ပြီးသွားမယ်ဆိုတဲ့ သဘောထားတွေပါတယ်။ အဲ့မှာ ပြောချင်တာက ဒီနေရာမှာ တော်လှန်ရေး အင်အားစုတွေက နိုင်ငံရေးပါးနပ်ဖို့တော့ အရေးတကြီး လိုအပ်တယ်။ စစ်ကောင်စီက နိုင်ငံရေး လမ်းပြမြေပုံ အရ သူတို့သွားချင်တဲ့ လမ်းကြောင်းက သွေဖည်နေတယ်ဆိုတာ သိတယ်။ သူတို့ နယ်မြေ လုံခြုံအောင် မထိန်း သိမ်းနိုင်ဘူး။ ပြောချင်တာက အာဏာသိမ်းလိုက်တာ သူတို့ အာဏာမရသေးဘူး။ မရသေးတဲ့အပြင် စစ်ရေးအရ ရှုံးနိမ့်မှုတွေတော်တော်ကြီးလာတယ်။ ကြီးလာတဲ့အခါမှာ စစ်မှုထမ်းဥပဒေကို ထုတ်ပြန်တယ်။ ထုတ်ပြီးတော့ လူထုတစ်ရပ်လုံးကို သူ့ဘက်ကိုပြန်ဆွဲဖို့ ကြိုးစားတယ်။ ဒီနေရာမှာပဲ ထုတ်ပြန်ပြီး နောက်ရက်မှာ ရအောင်အကောင်အထည်ဖော်တယ်။ ဖော်တဲ့အချိန်မှာ ပြဿနာတွေအများကြီးတက်တယ်။ တက်တဲ့အခါ ဘာပြန်လုပ်ရလဲဆိုတော့ လူထုကိုပြန်ပြီးချဉ်းကပ်ရတယ်။ စစ်တပ် တစ်သက်လုံး တစ်ခါမှမလုပ်တဲ့ အလုပ်ပေါ့။

အခုဆိုရင် လူတွေကို ပြန်ပြီးရှင်းပြ၊ ပြောပြရတဲ့ အခြေအနေ ဖြစ်လာတယ်။ တစ်ပြိုင်နက်တည်းမှာ ဖက်ဒရယ်ဒီမိုကရေစီကို သွားကြမယ်ဆိုတဲ့ အင်အားစုတွေကလည်း ဘာလိုလဲဆိုတော့ အဖွဲ့တွေ အချင်းချင်း စုစည်းရမယ်၊ ညီညွတ်ရမယ်၊ ပူးပေါင်း ဆောင်ရွက်ရမယ်ဆိုတာကို လုပ်ဆောင်တဲ့ အဖွဲ့အစည်း တော်တော်များများက သဘောပေါက်ပြီး နားလည်ကြတယ်။ ဒါပေမယ့် ပြည်သူကို ဘယ်လို အဆက်မပြတ် သတင်းပေးမလဲ၊ ပြည်သူနဲ့ အဆက်မပြတ် ဘယ်လို ချဉ်းကပ်မလဲဆိုတာက အရေးကြီးတယ်။ ကျမတို့ တိုက်ပွဲအောင်နိုင်ရေးအတွက် စစ်တိုက်ကြတယ်။ ဒါပေမယ့် စစ်တိုက်တဲ့အခါမှာ ပြည်သူရဲ့ ဒုက္ခကဘာရှိသလဲ၊ စစ်ပွဲတိုက်နေတဲ့ ကာလနဲ့ ပြီးသွားတဲ့ကာလကြား မှာ ဘယ်လိုမျိုးအကူအညီပေးမလဲ၊ ဒါတွေက စစ်တိုက်နေတဲ့ အင်အားစုတွေ အထူးသဖြင့် လက်နက်ကိုင်တဲ့ အင်အားစုတွေ သတိထားရမယ့်ကိစ္စပေါ့။ ဒါပေမယ့် စစ်အုပ်စုကတော့ ဒီလိုကိစ္စကို ဘယ်တော့မှ သတိထားမှာ မဟုတ်ဘူး။ စစ်အုပ်စုရဲ့ ကြိုးပမ်းမှုက နိုင်ငံတကာ စာမျက်နှာကို မျက်နှာစာပယ်ထားတယ်။ အဓိကကတော့ ရွေးကောက်ပွဲဆိုတဲ့ဟာပေါ့။ ဒါကတော့ နိုင်ငံတကာ အကြိုက်ပေါ့။ ပြောချင်တာက နိုင်ငံရေးကိစ္စကို နိုင်ငံရေး နည်းနဲ့ဖြေရှင်းကြပါဆိုတဲ့ဟာပေါ့နော်။ နိုင်ငံတကာရဲ့နိုင်ငံရေးတွေးခေါ်ယူဆမှုကတော့ အချင်းချင်းကြား ပြေလည်အောင်ညှိကြဆိုတဲ့ ဒီအယူအဆ အားကောင်းတယ်။ အားကောင်းတဲ့အခါကျတော့ အာဆီယံရဲ့ Five Point Consensus ကို ပြန်တွန်းနေကြတယ်။

ကျမကြည့်တာ နိုင်ငံတကာမှာဘယ်လိုပဲ လူထုဘက်ပါတယ်လို့ပဲ ပြောပြော လူထုဘက်ပါတဲ့ အခြေအနေက ဘာကို ကူညီပေးတာလည်းဆိုတော့ အရပ်သားတွေကို ဘယ်လို ကာကွယ်သင့်လဲဆိုတဲ့ဟာနဲ့ စစ်ဘေးရှောင်တွေကို

ဘယ်လို ပံ့ပိုးမယ်ဆိုတဲ့ အခြေခံကိုပဲ ပိုချဉ်းကပ်ကြတာ ဖြစ်တယ်။ နိုင်ငံတကာက ဒီလိုအခြေအနေ အခင်းအကျင်း ဖြစ်တဲ့အတွက် ဒါကိုလူထုနားလည်အောင်လည်း ရှင်းပြရမှာဖြစ်သလို ကိုယ့်အထဲမှာ ကြေလည်အောင်လည်း ဆွေးနွေးဖို့လိုတယ်။ အဲ့ဒါ ဒီနေ့ကာလမှာ အရေးကြီး တဲ့အချက်လို့ ကျမထင်တယ်။

ကျမတို့ စုပေါင်းပြီးတော့ ဒီကိစ္စကို ချဉ်းကပ်တဲ့အခါမှာလည်း ဘယ်အဖွဲ့အစည်း မဆို အင်အားကောင်းတယ်၊ စုစည်းမှု အားကောင်းတယ်ဆိုတိုင်းလည်း ဆုံးဖြတ်ချက်ကို ကိုယ့်ဆုံးဖြတ်ချက်နဲ့ ကိုယ်မဟုတ်ဘဲနဲ့ ဒါကို ကျယ်ကျယ်ပြန့်ပြန့် အစုအဖွဲ့တွေကြားမှာ သဘောတရားတွေ ကျလာအောင် ဆွေးနွေး သင့်တယ်လို့မြင်တယ်။

ပြောချင်တာက ဒီ Five Point Consensus ကအလုပ်မဖြစ်ဘူး။ ဒါပေမယ့် ဒါက နိုင်ငံတကာသည်းခြေကြိုက် ကိစ္စတွေဖြစ်လာတဲ့အခါကျရင် ဘယ်လို ပုံစံမျိုးနဲ့ ပြင်ဆင် ဆောင်ရွက်ကြမလဲဆိုတဲ့ အချက်က အရေးကြီးတယ်၊ အရေး ပါလာတယ်လို့ ကျမထင်တယ်။

နောက်တစ်ခုက ကျမတို စုဖွဲ့ထားတဲ့ အစုအဖွဲ့တွေကြားထဲမှာ တစ်ဖွဲ့နဲ့တစ်ဖွဲ့ရဲ့ လိုလားချက်၊ တိုင်းပြည်ကို တည်ဆောက်ချင်တဲ့ ပုံသဏ္ဍာန် ဒါတွေ ကိုတော့ သေသေချာချာ ညှိနှိုင်းဖို့လိုတယ်။ စကားလုံးတွေ၊ စာလုံးတွေကြားထဲမှာ မဟုတ်ဘဲနဲ့ တကယ့်အနှစ် သာရအရ တိုင်းပြည်တစ်ခုလုံး ဖွံ့ဖြိုးဖို့အတွက် တကယ်လိုအပ်နေတာ ဘာလဲဆိုတာ အစုအဖွဲ့အချင်းချင်းကြား ထဲမှာ သဘောပေါက်ဖို့လိုတယ်။ အားလုံးကတော့ ယေဘုယျ ဆန်ဆန်ပြောကြတယ်။ ညီညွတ်ရေးနဲ့ အောင်ပွဲခံတယ်တို့ ဘာပဲပြောပြော ကိုယ့်အင်အား ကိုယ်တည်ဆောက်ကြဆိုတဲ့နေရာမှာ နားလည်ကြတယ်။ ဒါပေမယ့် လက်တွေ့လုပ်သလားဆိုတာက အရေးကြီးတယ်။ လက်တွေ့ နိုင်ငံရေးကို ကျော်ပြီးလုပ်လေလေ ကျမတို့ရဲ့ တော်လှန်ရေး သဘောတရားက အခက်အခဲဖြစ်လိမ့်မယ်။ လက်တွေ့နိုင်ငံရေးကိုတော့ ကျော်လို့မရဘူး။ လက်တွေ့ နိုင်ငံရေးကို ကျော်လို့ မရတဲ့အတွက် အဲ့ဒီအခြေအနေတွေကို သေသေချာချာ တွက်ချက်ပြီးတော့ တစ်ဖက်နဲ့ တစ်ဖက် လိုအပ်ချက်ကိုတော့ တကယ်ထားမှ ညီညွတ်တဲ့ တိုက်ပွဲဖြစ်မှာ။ ပြောတော့ ပြောကြတာပေါ့ ညီညွတ်ရေးက ဒါဖြစ်တယ်၊ ဟိုဟာ ဖြစ်တယ်ဆိုတာ ညီညွတ်ရေးမှာ စုပေါင်းတယ်ဆိုတာ ပုံစံနှစ်မျိုးရှိပါတယ်။

ကျမနားလည်သလောက် သမိုင်းတွေကိုလေ့လာကြည့်တဲ့အခါ အချို့နိုင်ငံတွေရဲ့သမိုင်းမှာ ဘယ်လိုစုပေါင်းပြီး လုပ်လိုက်တယ်ဆိုတာထက် တစ်စုနဲ့တစ်စုအခြေအနေကို Communication ကောင်းကောင်းလုပ်ပြီးတော့ အဲ့ဒီ Agreement ကျပြီး သက်ဆိုင်ရာနေရာဒေသနဲ့ တိုက်ပွဲကိုအနိုင်တိုက်ခဲ့တဲ့ တိုက်ပွဲတွေအများကြီးပဲ။ အဲ့ဒါ ကျမတို့ နမူနာ ယူသင့်တယ်လို့ထင်တယ်။ ဒါက တစ်ပြည်လုံးရဲ့ အခြေအနေဖြစ်သွားပြီ။ အရင်လို နေရာဒေသအကွက်ကွက်တွေ မဟုတ်တော့ဘူး။ တိုက်ပွဲသဏ္ဍာန်ကို လူတွေပိုပြီးနားလည်လာပြီ။ ပြည်သူလူထုဆို အရင်တုန်းက စကစက ထည့်တဲ့ဂျင်း သောင်းကျန်းသူတွေပေါ့။ ကရင်၊ ကချင် စသဖြင့် လူမျိုးစုတွေရဲ့တိုက်ပွဲတွေ သောင်းကျန်းသူဆိုပြီးတော့ ပုံဖျက်ထားတာ။ တကယ့်တကယ် အခု သောင်းကျန်းနေတာ စစ်အုပ်စုပဲဆိုတာ သူတို့ တကယ်မြင်လာပြီ။ အခုစကစကနေပြီးတော့ လူထုကို ပြန်ပြီး လော်ဘီ လုပ်နေရတယ်။ နိုင်ငံတကာ ကလည်း သိလာပြီ။ အခု တကယ့် သောင်းကျန်းသူက စစ်အုပ်စုပဲဆိုတာ သိသွားပြီ။ သိသွားတဲ့အတွက်လည်း သူတို့က အပြတ်ရပ်ဖို့ ခက်တယ်။ ဒီဟာကိုကျမတို့ အခွင့်ကောင်း ယူရမယ်။ စစ်အုပ်စုဘက်ကို အပြတ် မရပ်တဲ့ အချိန်ကာလကို အခွင့်ကောင်းယူပြီးတော့ ကိုယ့်ဘက်က ညီညွတ်မှုနဲ့ ပါးနပ်မှုကို အခြေခံတဲ့ တိုက်ပွဲကို အားကောင်းကောင်းနဲ့တွန်းဖို့လိုတယ်။ အဲ့ဒီအယူအဆနဲ့တာ တိုက်ပွဲဝင်ရင် ကျမတို့ရှေ့ကို ရောက်နိုင်လိမ့်မယ် လို့ကျမထင်တယ်။ ပြင်ဆင်မှုကတော့ အဓိက အချက်က လူထုကို သတင်းစကား များများပါးဖို့နဲ့ တကယ်ပဲ အစုအဖွဲ့တွေရဲ့အလုပ်ဟာ သူတို့ရဲ့ ရေရှည်ဘဝအတွက် ခိုင်မြဲနိုင်တဲ့၊ တည်ဆောက်နိုင်တဲ့အခြေခံကို သွားနိုင်တဲ့ အုပ်စုပါ လားဆိုပြီး မြင်နိုင်တဲ့ အနေအထားဖြစ်အောင် တော်လှန်ရေးအင်အားစုတွေအနေနဲ့ ကြိုးပမ်းသင့်တယ် လို့ကျမယူဆပါတယ်။ ကျေးဇူးပါ။



# နှာင်းမို့မို့

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

ဟုတ်ကဲ့ပါ၊ ကျေးဇူးအများကြီးတင်ပါတယ်။ စကစကတော့ သူ့ရဲ့ ထွက်ပေါက်ကတော့ ရွေးကောက်ပွဲက ထွက်ပေါက်ပေါ့။ Coordination အပိုင်းမှာ ဘယ်လိုပြင်ဆင်သင့်လဲ၊ ဘယ်လို အားကောင်းအောင် လုပ်သင့်လဲ ဆိုတာကတော့ အထူးသဖြင့် Coordination လို့ပြောတဲ့အခါမှာ အချင်းချင်းကြား Coordination လည်း လိုသလို တဖက်မှာလည်း ပြည်သူလူထုနဲ့ စဉ်ဆက်မပြတ် သတင်း အချက်အလက်တွေ ပေးတာ ပူးပေါင်းဆောင် ရွက်တာတွေကလည်း စဉ်ဆက်မပြတ် လုပ်ဆောင်ဖို့ လိုတယ်ဆိုတာကို ဆွေးနွေးပေးသွားတဲ့အတွက် အရမ်းကို ကျေးဇူးတင်ပါတယ်။ ဒီတော်လှန်ရေး အင်းအားစုတွေကြားမှာ အဓိကဒီမှာမှတ်သားစရာက စုစည်းမှု၊ ပူးပေါင်းမှု လို့ပြောတဲ့အခါမှာ လုပ်ငန်းတစ်ခုခုကို ပူးပေါင်းဆောင်ရွက်မှ မဟုတ်ဘဲနဲ့ ကျမတို့ဘယ်နေရာမှာ ဘယ်လိုပဲ ဖြစ်တည်နေပါစေ အချင်းချင်းကြားမှာ သဘောတူညီမှုတွေရထားပြီးတော့ ကိုယ်ရောက်ရာ နေရာဒေသမှာ တော်လှန်တာ၊ တိုက်ပွဲတွေ ဖော်ဆောင်တာ ဒီလိုမျိုးဟာတွေကို ပိုပြီး လုပ်ဆောင်ပြီးတော့ အောင်ပွဲခံသင့်တယ် ဆိုတာ အများကြီး ဆွေးနွေးပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်ဆုံးတစ်ခုက တော်လှန်ရေး လုပ်တဲ့အခါမှာ လက်တွေ့ နိုင်ငံရေး အနေအထားတွေကို ကျော်လွန်ပြီးတော့ သွားတယ်ဆိုရင် တော်လှန်ရေးကို ပိုပြီးတော့ နောက်နှေးစေတာဖြစ်တဲ့အတွက် တော်လှန်ရေး လုပ်ဆောင်တဲ့အခါမှာ လူထုတွေရဲ့ လိုအပ်ချက်က ဘာလဲဆိုတာကို နားလည်းဖို့ လုပ်ဆောင်ဖို့လိုတယ်။ တစ်ဖက်မှာလည်း လူထုတွေရဲ့ လိုအပ်ချက်နဲ့ကိုက်ညီတဲ့ တော်လှန်မှု ပုံသဏ္ဍာန်တွေကို သွားဖို့လိုတယ်။ အဲ့ဒီဟာတွေကိုလည်း ပူးပေါင်းဆောင်ရွက်ပြီးတော့ အချင်းချင်း ကြားမှာ Coordination လုပ်ပြီးတော့သွားဖို့ လိုတယ် ဆိုတာကို ဆွေးနွေးသွားပေးတာ ဖြစ်ပါတယ်။

*နောက်ထပ် ဆရာမ Sophia Day Myar ကိုအလှည့်ပေးချင်တာက ပထမတုန်းကဆွေးနွေးတဲ့အထဲမှာဆိုရင် အများကြီး ထည့်သွင်းဆွေးနွေးသွားတာရှိတယ်။ ကရင်နီပြည်နယ်မှာဆိုရင် စုပေါင်းခေါင်းဆောင်မှုနဲ့ ငါတို့စုစည်းမှုရမယ်၊ ငါတို့လုပ်မှုရမယ်ဆိုတာကို အများကြီးဆွေးနွေးသွားတာဖြစ်တယ်။ အဲ့လိုပဲ ကရင်နီရဲ့ ပုံစံကို အားကျနေတဲ့ အစုအဖွဲ့တွေလည်းရှိတယ်။ အချို့နေရာဒေသမှာဆိုရင် ဖက်ဒရယ်ယူနစ်တွေ စပြီးတော့ ဖော်ဆောင်တာတွေ၊ လုပ်ဆောင်တာတွေရှိတယ်။ အဓိကဆွေးနွေးစေချင်တာကတော့ ဖက်ဒရယ်ယူနစ် တွေကြားမှာ ဘယ်လိုမျိုး မူဝါဒပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေက ဘယ်လို လုပ်ဆောင်နေတာတွေရှိသလဲ။ KSCC အနေနဲ့ ကရင်နီမှာရှိတဲ့ ပြည်သူလူထုတွေနဲ့ စုပေါင်းခေါင်းဆောင်မှု စုစည်းရမယ်ဆိုတဲ့ အခြေခံနဲ့သွားတာဖြစ်တယ်။ တကယ့် လက်တွေ့မှာဆိုရင် KSCC အနေနဲ့အားလုံးပါဝင်မှု၊ အမျိုးသမီးတွေရဲ့ နိုင်ငံရေးမှာ ပါဝင်မှုကိစ္စကို ဘယ်လိုမျိုး အကောင်အထည်ဖော်နေသလဲ၊ အခက်အခဲ စိန်ခေါ်မှုတွေက ဘယ်လိုရှိသလဲဆိုတာကို ဆွေးနွေး စေချင်တာဖြစ်ပါတယ်။ အဓိကကတော့ ဖက်ဒရယ်ယူနစ်တွေကြားမှာ ဘယ်လို Coordination တွေရှိသလဲ၊ တစ်ဖက်မှာ ကရင်နီပြည်မှာ အခုအရမ်းလည်း ခရီးရောက်နေပြီ။ တစ်ပြိုင်နက်တည်းမှာက အားလုံပါဝင်ရေးကိစ္စ အမျိုးသမီးတွေရဲ့ ပါဝင်ရေးကိစ္စကို ကရင်နီပြည်က အတွေ့အကြုံအရဆိုရင် ဘယ်လို အကောင်အထည်ဖော် နေသလဲ၊ ဘယ်လိုစိန်ခေါ်မှု အခက်အခဲတွေ ရှိနေသလဲဆိုတာ ဆွေးနွေးပေးဖို့ပါ။*



## SOPHIA DAY MYAR

Karenni State Sonsultative Council

ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ ပထမမေးခွန်းအနေနဲ့ လက်ရှိကတော့ ကျမတို့ KSCC ကပြည်နယ် ဖက်ဒရယ်ယူနစ် အနေနဲ့ NUCC မှာဆိုရင်လည်း ကိုယ်စားလှယ် သုံးဦး ပါဝင်နေပါတယ်။ ဒီတောက်လျှောက် NUCC ရဲ့ Joint Coordination Committee တွေမှာရော ကဏ္ဍအလိုက် JCC တွေမှာလည်း ကျမတို့ KSCC က ပြည်ထောင်စု အဆင့် မူဝါဒရေးဆွဲတဲ့ နေရာတွေမှာ တစိုက်မတ်မတ် ပါဝင်နေတာရှိပါတယ်။ နောက်တစ်ခု ကတော့ အခုလက်ရှိ KSCC က ကျင့်သုံးနေတဲ့ ကရင်ပြည်နယ်ရဲ့ကြားကာလအစီအမံဟာလည်း ပြည်သူ့ ညီလာခံကနေ အတည်ပြုထားတဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၂) မှာ ပြဋ္ဌာန်းထားတဲ့ အုပ်ချုပ် ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးကဏ္ဍတွေကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့လိုအပ်တဲ့ အစီအမံတွေကို ရေးဆွဲထားတာဖြစ်တယ်။ တ စ် ပြို င် တ ည်း မှာပဲ ဖက်ဒရယ်ယူနစ်အသီးသီးနဲ့ Biliteral ဆက်ဆံရေးတွေလည်း ရှိပါတယ်။ Formal သော်လည်းကောင်း Infor-mal သော်လည်းကောင်း အပြန်အလှန် လေ့လာမှုတွေ ဝေမျှမှု တွေ တောက်လျှောက် လုပ်နေတာတွေရှိတယ်။ အဓိကကတော့ NUCC မှာကျမတို့ရဲ့ KSCC ကိုယ်စားလှယ် (၃) ဦးပါဝင်ခြင်းအားဖြင့် ဘယ်လိုပဲဖြစ်ဖြစ် ကျမတို့ရဲ့ ဖက်ဒရယ်ယူနစ် အားလုံးနဲ့ ပေါင်းစပ်ညှိနှိုင်းမှုရော ပြည်ထောင် စုအဆင့်မှာ ဆွေးနွေးတိုင်ပင်နေတဲ့လုပ်ငန်းစဉ်များနဲ့ ပေါင်းစည်းမှုတွေမှာရော ပိုပြီးတော့ သေချာစေမှာ ဖြစ်တယ်။ ဒုတိယတစ်ချက်အနေနဲ့ကတော့ ကျမပထမတစ်ကြိမ်ကပြောခဲ့သလိုပဲ

> ကျမတို့ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို လက်တွေ့လိုက်နာကျင့်သုံးတယ်။ တစ်ပြိုင်တည်းမှာပဲ တန်းတူရေးကိုလည်း ကျမတို့လိုက်နာကျင့်သုံးရပါတယ်။ ကျင့်သုံးတဲ့အခါမှာ ကျမတို့ KSCC ရဲ့ ကြားကာလအစီအမံထဲမှာ အခြေခံမူအနေနဲ့ အမျိုးသမီးအနည်းဆုံး (၃၀) ရာခိုင်နှုန်း ပါဝင်ရေး အခြေခံမူကို ထည့်သွင်းထားတယ်။

ဒီအခြေခံမူကလည်း လက်တွေ့လိုက်နာ ကျင့်သုံးတဲ့ အခါမှာ စိန်ခေါ်မှုတွေလည်းရှိပါတယ်။ အထူးသဖြင့် အနည်းဆုံး (၃၀) ရာခိုင်နှုန်း ဘာဖြစ်လို့ထည့်ရ တာလဲဆိုတဲ့ Concept ပိုင်းကို ကျမတို့ တပြေးညီ နားလည်ပြီးတော့ အားလုံးက အင်တိုက်အားတိုက်နဲ့ အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့ အပိုင်းလေးတွေလည်း ရှိနေပါတယ်။ ကျမတို့ ဒီအမျိုးသမီး (၃၀) ရာခိုင်နှုန်းကို ဘာလို့ထည့်ရတာလဲဆိုတဲ့ အနေအထားအပေါ်မှာ ဆွေးနွေးညှိနှိုင်းမှုတွေ ဒီထက်ပို

ပြီး အများကြီးလုပ်ဖို့လည်း လိုအပ်နေပါသေးတယ်။ ကျမတို့ KSCC အနေနဲ့လည်း အခြားသောဖက်ဒရယ်ယူနစ်က အမျိုးသမီး တွေနဲ့အတူ ဖက်ဒရယ်ယူနစ်က အမျိုးသမီးတွေရဲ့ Platform မှာလည်း အမျိုးသမီးတွေ နိုင်ငံရေးမှာပါဝင်တဲ့ အခါမှာ မတူညီတဲ့စိန်ခေါ်မှုတွေ ဘယ်လိုရှိသလဲဆိုတာလည်း ကျမတို့ဝေမျှဖြစ်ပါတယ်။ ဒီလိုအနေအထား လေးတွေမှာတော့ မူပိုင်းဆိုင်ရာ အနေအထားလေးတွေကို ကျမတို့ကြိုးစားပြီးကျော်ဖြတ်နေတယ်၊ ဆွေးနွေး တိုင်ပင်ညှိနှိုင်းတာရှိတယ်။

တစ်ဖက်မှာလည်း ဒီတော်လှန်ရေးက စနစ်ပြောင်းရမှာဖြစ်တယ်။ ကျမတို့ အတင်း သွတ်သွင်းခံခဲ့ရတဲ့ စစ်ဝါဒ၊ နိုင်ငံရေးမှာပဲဖြစ်ဖြစ် လူမှုရေးမှာပဲဖြစ်ဖြစ် ဖိုဝါဒ၊ အမျိုးသားဗဟိုပြုပြီးတော့ လည်ပတ်နေတဲ့စနစ်တွေရှိတယ်။ ဒီစနစ်ဆိုးတွေကို တစ်ခုချင်းကျော်ဖြတ်ရမှာဖြစ်တဲ့အတွက်

> ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကိုပဲပြောပြော၊ တန်းတူရေးကိုပဲပြောပြော တကယ်လိုက်နာကျင့်သုံးတဲ့အခါမှာ အတွေးအခေါ် ပြောင်းလဲမှုအပိုင်းကိုလည်း သွားရမယ်။ လက်တွေ့လုပ်ဆောင်မှုအပိုင်းပြောင်းလဲမှုတွေကိုလည်း သွားရမှာ ဖြစ်တယ်။

ရေရှည်ကတော့ ကျမတို့မူပိုင်းဆိုင်ရာအကန့်အသတ်ကို ကျော်လွန်ပြီးသော်ငြားလည်း စနစ်တကျ ရိုက်ချိုးခံထားခဲ့ရတဲ့ ကျမတို့လူသားဆန်တဲ့မှုတွေကို ပြန်ဖော်ထုတ်ပြီးတော့ ပြန်ပြီးတည်ဆောက်ရမှာ ဖြစ်တဲ့အတွက် အချို့ဖြိုဖျက်ရမယ့်၊ ပြောင်းလဲရမယ့်စနစ်တွေက အတွင်းပိုင်းမှာ၊ အစုအဖွဲ့တွေကြားထဲမှာ အများကြီး လိုအပ်နေသေးတဲ့ အရာလည်းရှိပါတယ်။ အဲ့ဒါလေးကို ကျမ ထည့်သွင်းဆွေးနွေးလိုတာ ဖြစ်ပါတယ်။

နောက် တစ်ခုကတော့ ခုနတုန်းက ပဒို ဆွေးနွေးတဲ့ အထဲမှာလည်းပါတယ်။ ပြည်နယ်ကနေ မြင်ချင်တဲ့ ပုံစံမျိုးကို ဘယ်လို ပဲဖြစ်ဖြစ် ပြည်နယ် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ သွားရမှာဖြစ်တယ်။ လက်ရှိမှာတော့ KSCC ကလွန်ခဲ့တဲ့ အောက်တိုဘာလ၊၂၀၂၃ ခုနှစ်မှာ ကရင်နီပြည်နယ် အသွင်ကူးပြောင်းရေး ကာလ ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲ ရေးကော်မတီ ဆိုပြီးတော့ ဖွဲ့ထားတာရှိပါတယ်။ ဒီကော်မတီက ၂၀၁၂ လောက်ကတည်းက တော်လှန်ရေး အင်အားစုတွေကစပြီးတော့ လုပ်ခဲ့တဲ့ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်ပြီးတော့ မှီငြမ်းပါတယ်။ KSCC ပြန်လည်ပြီးတော့ စုဖွဲ့ပြီးနောက်ပိုင်းမှာတော့ ဖွဲ့စည်းပုံ အခြေခံ ရေးဆွဲရေး လုပ်ငန်းတွေက KSCC ကဆက်လက် ပြီးတော့ အကောင်အထည်ဖော်ရမယ့် လုပ်ငန်းစဉ်တွေ ဖြစ်တဲ့ အတွက်ကြောင့်မို့ ပြန်လည်စုဖွဲ့မှုမှာ ဒီထက် ပိုပြီး အားကောင်းတဲ့ စုဖွဲ့မှုတွေနဲ့ ကျမတို့ အောက်တိုဘာမှာ ပြန်ပြီးစုဖွဲ့ပြီးတော့ အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံ အခြေခံရေးဆွဲရေး လုပ်ငန်းစဉ်တွေကို ဆက်လက်ပြီးတော့ အကောင်အထည် ဖော်ဆောင်ရွက်နေပါ တယ်။ ယခင်၂၀၁၂ လောက်ကတည်းက ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရေးဆွဲရေး လုပ်ငန်းစဉ်တွေလုပ်ခဲ့တာက 4th Draft လောက်ထိကို ခရီးရောက်ခဲ့တာ ဖြစ်ပါတယ်။ အခုချိန်မှာတော့ ဒီကိစ္စရပ်ကိုလည်း ကျမတို့စပြီးတော့ လုပ်ဆောင်ရမှာဖြစ်တဲ့အတွက် အင်တိုက်အားတိုက်နဲ့ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းပြီးတော့ ပြန်ပြီးလုပ်ဆောင် နေတဲ့အပိုင်း ကဏ္ဍတွေလည်းရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဂျဲန်ဒါတန်းတူရေးကို ကျမတို့စဉ်းစားတဲ့အခါမှာ ဘယ်နေရာ၊ ဘယ်အဆင့်၊ ဘယ်ကဏ္ဍမဆို ကျမတို့ ထည့်ပြီးစဉ်းစားရမှာဖြစ်ပါတယ်။ သို့သော်လည်း ဒီလိုမျိုး စဉ်းစားဖို့လိုအပ်တယ်ဆိုတာကို တော်လှန်ရေး ခေါင်းဆောင်တွေအားလုံးက ဒါကိုနားလည်ပြီး တစ်ပြေးညီ အကောင်အထည်ဖော်နိုင်မယ်ဆိုရင် ဒီအကန့်အသတ်ကိုတော့ အလျင်အမြန် ကျော်လွှားနိုင်မယ်လို့တော့ ထင်ပါတယ်။ ကျေးဇူးတင်ပါတယ်။



## နှာင်းစိုစို့

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**

ကျေးဇူးအများကြီးတင်ပါတယ်။ Coordination အပိုင်းမှာဆိုရင်လည်း အခြားသော ဖက်ဒရယ်ယူနစ် တွေနဲ့ Biliteral Coordinate လုပ်နေတာလည်းရှိတယ်ဆိုတာ ကြားရတဲ့အတွက် အများကြီးကျေးဇူးတင်ပါ တယ်။ တစ်ဖက်မှာတော့ KSCC မှာတော့ ဂျဲန်ဒါ တန်းတူ ညီမျှရေးလို့ပဲ ပြောပြော၊ အားလုံးပါဝင်ရေးနဲ့ ပက်သက်ရင်တော့ မူအားဖြင့် ကျော်လွှားနိုင်ပြီ ဆိုတာကို ဆွေးနွေးပေးသွားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် တစ်ဖက်မှာ မူအားဖြင့် ပြဋ္ဌာန်းတာတွေ၊ ညှိနှိုင်းဆောင်ရွက်တာတွေ ကျော်လွှားမှုတွေက လုပ်ဆောင်နိုင်ပေမယ့် လည်း တကယ့် လက်တွေ့ အကောင်အထည် ဖော်မှုအပိုင်းမှာတော့ ဆက်လက်ညှိနှိုင်းရမယ့် အနေအထားတွေ တော့ရှိတယ်။ တစ်ဖက်မှာတော့ စနစ်ပြောင်းလဲမှုကို လုပ်ဖို့လိုအပ်သလို ဂျဲန်ဒါ တန်းတူရေး မူတို့၊ အနည်းဆုံး (၃၀) ရာခိုင်နှုန်းပါဝင်ရမယ်ဆိုတဲ့ဟာတွေက လက်တွေ့ အကောင်အထည် ဖော်ဖို့ဆိုရင်တော့ ဖိုဝါဒကိုလည်း ပပျောက်ဖို့ တစ်ပြိုင်နက်တည်း လုပ်ဆောင်ရမယ့် အနေအထား ဖြစ်တယ် ဆိုတာကိုလည်း ထည့်သွင်းဆွေးနွေး ပေးတဲ့အတွက် အများကြီး ကျေးဇူးတင်တယ်။ ဂျဲန်ဒါ တန်းတူညီမျှမှုလို့ ပြောတဲ့အခါမှာဆိုရင်လည်း ဆုံးဖြတ်ချက် ချတဲ့၊ ဦးဆောင်ဦးရွက်ပြုတဲ့ အဆင့်တိုင်း၊ နေရာတိုင်း၊ လုပ်ငန်းစဉ်တိုင်းမှာ ဒါတွေကမဖြစ်မနေ ထည့်သွင်း စဉ်းစားဖို့လိုတယ်။ အဲ့လိုမျိုးပဲ အခြားသော Actor တွေအနေနဲ့က လည်း ဒီဟာကိုလက်ခံပြီးတော့ ထည့်သွင်း စဉ်းစားမယ်ဆိုရင် ကျမတို့ အကြပ်အတည်းကို ကျော်လွှားနိုင်မယ်ဆိုတာကို အကြံပြု ဆွေးနွေးပေးသွားတာ အများကြီးကျေးဇူးတင်တယ်။

*ကျမ ဆရာမဆဲဆဲကို ပြန်ပြီးတော့ အလှည့် ပေးချင်ပါတယ်။ ကျမတို့ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စု ပေါ်ထွန်းဖို့အတွက် လက်ရှိတော်လှန်ရေး အင်အားစုမှာ ဘယ်လိုအခွင့်အလမ်းတွေ ရှိနေသလဲ။ တစ်ဖက်မှာလည်း အခုဆိုရင် စစ်တပ်ရဲ့ လေကြောင်းကနေ တိုက်ခိုက်မှုတွေက လူထုတွေကို အများကြီး ထိခိုက် နာကျင်စေတယ်။ အသေအကြေ အများကြီးဖြစ်တယ်။ အဆောက်အအုံတွေလည်း အများကြီး ပျက်စီး ခဲ့တာတွေရှိတယ်။ လက်ရှိ အခြေအနေ အထိလည်း သူတို့က လေကြောင်း တိုက်ခိုက်မှုတွေ အားကိုးတဲ့ အချိန် ဖြစ်တယ်။ အကြမ်းဖက် စစ်တပ်က ပြည်သူလူထုတွေအပေါ်မှာ အရမ်းပဲ ရက်စက် ကြမ်းကြုတ်ပြီးတော့ သတ်ဖြတ်နေတာ ဖြစ်တဲ့အခါမှာ တော်လှန်ရေး အင်အားစုတွေအနေနဲ့ကရော ဒီလိုမျိုးစစ်တပ်ရဲ့လုပ်ရပ်တွေ အပေါ်မှာ ဘယ်လိုမျိုး စုပေါင်းတုန့်ပြန်မှုတွေ လုပ်သင့်သလဲဆိုတာကို ဆွေးနွေးပေးဖို့ ဆရာမဆဲဆဲကို အချိန် ပေး ချင်ပါတယ်။*



## နော်ဆဲဆဲ
### အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

ပထမတစ်ခု အနေနဲ့ အခွင့်အလမ်းပေါ့။ ကျမတို့ မြန်မာနိုင်ငံဆိုရင် ကမ္ဘာမှာကြည့်လိုက်ရင် ပြည်တွင်း စစ်အကြာဆုံး နိုင်ငံဖြစ်သလို နိုင်ငံရေး ပဋိပက္ခ ကြိုးစားဖြေရှင်းတဲ့ အခါမှာဆိုရင်လည်း အမြဲတမ်း အဆင်မပြေဘူး အမြဲတမ်း ပျက်စီးဆုံးရှုံးသွားတဲ့ အခြေအနေမျိုးတွေ ဖြစ်သွားတယ်။ နွေဦး တော်လှန်ရေး ကနေစပြီးတော့ ကြည့်တဲ့အခါမှာ ဒါတကယ် အခွင့်ကောင်းတစ်ခုဖြစ်တယ်။ ပြီးရင် ကျမတို့ ကြည့်ခြင်းအားဖြင့် စစ်ရေးအရပဲ ပြောပြော အခြားသော နည်းလမ်းအရပဲ ပြောပြော ပြည်သူလူထု အလွှာပေါင်းစုံပါဝင်နေတာ တွေ့ရတယ်။ ပြောရမယ်ဆိုရင် Resources တွေကအများကြီးရှိတယ်။ ဒါပေမယ့် အသုံးချတဲ့နေရာမှာပဲ နည်းမှန်လမ်းမှန် လက်တွေ့ ကျကျ အကုန်လုံး လွှမ်းခြုံနိုင်တဲ့ အခြေအနေမျိုးကို ပါဝင်လာအောင် အသုံးချဖို့ လိုအပ်တယ်။ ကျမကပဲ ပိုပြီးတော့ Legitimacy ဖြစ်တယ်၊ Key Actor ဖြစ်တယ်၊ ဒါမျိုးတွေကို စဉ်းစားလို့ မရတော့ဘူး။ ကျမတို့ရဲ့ အခု တော်လှန်ရေးကပြောရမယ်ဆိုရင် လူထုတော်လှန်ရေးဖြစ်လာပြီ။ လူထုတော်လှန်ရေး ဖြစ်လာတဲ့အခါမှာ Resource တွေလည်းအများကြီးရှိလာတယ်၊ လူ့အင်အားတွေလည်း အများကြီးရှိလာတယ်။ အဲ့ဒီလူ့အင်အား တွေကို အသုံးချဖို့ ဘယ်လိုအချင်းချင်း Coordinate လုပ်ကြမလဲ၊ ဘယ်လို ချိတ်ဆက်ပြီးတော့ မြင့်တင်ကြမလဲ။ ပြီးရင် ဘယ်လို တာဝန်တွေ မျှဝေကြမလဲဆိုတာတွေက လုပ်လို့ရတဲ့ဟာတွေ အများကြီးရှိတယ်။

နောက်တစ်ခု က Federalism ဆိုပြီးတော့ Online မှာပဲပြောပြော၊ လက်တွေ့မှာပဲပြောပြော တချို့ ပြည်နယ်တွေ၊ တချို့ ဖက်ဒရယ်ယူနစ်တွေမှာဆိုရင် စတင် အကောင်အထည် ဖော်နိုင်ဖို့ ဆိုတာကလည်း ကြိုးစား လုပ်ဆောင်နေတဲ့ အင်အားစုတွေ ဖက်ဒရယ်ယူနစ်အခြေခံတွေ၊ ပြည်နယ် အခြေခံတွေ လုပ်ဆောင်နေတာပေါ့။ ဒါကလည်း အခွင့်ကောင်းတစ်ခုဖြစ်တယ်။ အခွင့်အလမ်း တစ်ခု ဖြစ်တယ်။

> ဖက်ဒရယ် ပြည်ထောင်စုကို တည်ဆောက်တဲ့အခါမှာ ကျမတို့ Bottom-Up Approach နဲ့သွားတဲ့အခါမှာ အားကောင်းတဲ့ Foundation ဖြစ်တယ်၊ ခိုင်မာတဲ့ Foundation ဖြစ်တယ်သလို ပြည်နယ်အားကောင်းမှသာလျှင် ပြည်ထောင်စု ပိုအားကောင်းမယ့် အခြေအနေမျိုးတွေ ဖြစ်သွားမယ်။

ဒီကာလရဲ့ အခွင့်အရေးကို ကျမတို့ ကောင်းကောင်းမွန်မွန်၊ တကယ့်လက်တွေ့ကျကျ စဉ်းစားပြီးတော့ လုပ်ဆောင်ရမှာဖြစ်တယ်။ လုပ်ဆောင်နေတဲ့သူလည်း လုပ်ဆောင်နေတယ်။ ဆက်လက်ပြီးတော့ လုပ်ဆောင်ဖို့လည်း တိုက်တွန်းချင်တယ်။ ဒါတွေက အခွင့်အလမ်း ကောင်းတစ်ခုဖြစ်တယ်။

ကျမတို့ အချင်းချင်းကြားထဲမှာ ပိုပြီးတော့ စုစည်းနိုင်ဖို့၊ ပိုပြီးတော့ Coordinate လုပ်နိုင်ဖို့ကို လမ်းကြောင်းတွေ စဉ်းစား သင့်တယ်။ အချင်းချင်းကြားထဲမှာ သွေးခွဲစေတာမျိုး၊ ခွဲခြားဆက်ဆံတာမျိုး၊ အပြန်အလှန် အသိအမှတ်မပြု တာမျိုးတွေကို အတတ်နိုင်ဆုံး လျှော့ချရမယ်။ အတတ်နိုင်ဆုံး ကျမတို့ အချင်းချင်းကြားထဲမှာ ဘယ်လိုယုံကြည် မှု၊ နားလည်မှု၊ အပြန်အလှန် အသိအမှတ်ပြုမှုကို တည်ဆောက်ရမလဲဆိုတဲ့ လမ်းကြောင်းတွေကို ရှာရမှာ ဖြစ်တယ်။

ဒုတိယတစ်ခုကကျတော့ အထူးသဖြင့် အားကောင်းကောင်းနဲ့ ဘယ်လိုစုပေါင်းပြီးတော့ တုံ့ပြန်မလဲ ပေ့ါ။ ကျမကတော့ တကယ်တမ်းဆိုရင် ဒီလိုမျိုး စဉ်းစားရင် ကျမတို့ ညီညွှတ်ဖို့ လိုအပ်တယ်ဆိုပြီးတော့ တွေးကြ မှာပဲ။ ဒါပေမယ့် ညီညွှတ်ရေးလို့ ပြောတဲ့အခါမှာ ဆရာမ နိုးနိုးထက်စံ ပြောသလိုပဲ Unity in Diversity မတူကွဲပြားမှုကြားထဲမှာ ညီညွှတ်မှုကို တည်ဆောက်လို့ရတယ်။ ကျမတို့ တစ်ခုခုကို တုံ့ပြန်လိုက်တဲ့အခါမှာ အကုန် လုံးလာ စုပေါင်းမှုတွေ လုပ်ကြမယ်ဆိုတာမျိုးထက် ဘယ်အင်အားစုတွေက ဘုံရည်မှန်းချက်တူနေလဲ၊ ဘုံရန်သူ တူနေလဲ။

> သူတို့တွေကလည်း တစ်ခုခုတုံ့ပြန်လိုက်တဲ့အခါ ကျမတို့အချင်းချင်းကြားထဲမှာ ဘယ်လို Coordinate လုပ်ပြီးတော့ အထူးသဖြင့် တုံ့ပြန်ဆောင်ရွက်မှုတွေက ဘယ်လိုဟန်ချက်ညီညီနဲ့ ကျမတို့ ဆောင်ရွက်မလဲဆိုတဲ့ ချိတ်ဆက် ဆောင်ရွက်မှုတွေက အရမ်းလိုနေတယ်၊ ဒီအချိန်မှာ လုပ်ဆောင်ဖို့လိုနေတယ်။ အဲ့ဒီလို လုပ်နိုင်ဖို့အတွက်ကလည်း ကျမတို့ အချင်းချင်းကြားထဲမှာ ယုံကြည်မှု၊ နားလည်မှု၊ အပြန်အလှန် လေးစားမှုတွေလည်း တည်ဆောက်ဖို့လိုတဲ့ အပိုင်းတွေလည်းရှိတယ်။

နောက်တစ်ခုက နိုင်ငံရေး အပြောင်းအလဲက မြန်တယ်။ ပြီးရင် လက်ရှိအခြေအနေအကျင်းတွေက အရမ်းအပြောင်းအလဲမြန်တယ်။ မြန်တဲ့အခါမှာ ကျမတို့ အချိန်မှီ တုံ့ပြန်ဆောင်ရွက်ဖို့လည်းလိုသလို လက်တွေ့ကျကျလည်း တုံ့ပြန် ဆောင်ရွက်ဖို့လည်း လိုတယ်။ အခုဆိုရင် ကျမတို့အဖက်ဖက်ကို ဖိအားပေးခံရတယ်။ အဖက်ဖက်ကနေ အကြမ်းဖက်စစ်တပ်ရဲ့ ယုတ်မာမှုတွေကို ကျမတို့ခံရတယ်။ ဒါတွေကို အဆုံးသတ်ဖို့က ကျမတို့ဘက်မှာ အားသာချက်တွေရှိတယ်။ စစ်တပ်က သူ့အလုပ်တွေသူလုပ်သွားမယ်။ သူအဆုံးအထိလည်း လုပ်ရင်လုပ်သွားမယ်။ ဒါပေမယ့် ကျမတို့ဘက်က အားကောင်းတဲ့ အင်အားစုတွေက တညီတညွှတ်တည်း ဘယ်လို အကောင်းဆုံး ဟန်ချက်ညီညီနဲ့ တုံ့ပြန် ရမလဲဆိုတာကို နည်းလမ်းတွေရှာဖို့လိုတယ်။ အဲ့ဒါမှသာလျှင် ဘယ်နေရာမှာ ဘယ်လိုပဲသွားသွား ဘယ်အစု အဖွဲ့ပဲဖြစ်ဖြစ် တုံ့ပြန်ဆောင်ရွက်မှုတွေက ဟန်ချက်ညီတယ်ဆိုရင် အောင်မြင်မှုရဲ့ပန်းတိုင်ကတော့ အမြန် ရောက်ရှိနိုင်မှာဖြစ်တယ်။

နောက်တစ်ခုကတော့ ကျမတို့တစ်ခုခုအပေါ်မှာ နိုင်ငံရေးအရ တုံ့ပြန်ဆောင်ရွက် တာပဲဖြစ်ဖြစ် စစ်ရေး အရ တုံ့ပြန် ဆောင်ရွက်တာပဲဖြစ်ဖြစ် အချို့အဖွဲ့တွေက အသားကုန် တိုက်တယ်၊ အချို့ အဖွဲ့တွေက ဒီအတိုင်းပဲ ငြိမ်နေတဲ့ဟာမျိုးက မဖြစ်သင့်ဘူး။ ကျမတို့ တစ်ချိန်လုံး ပြောကြတယ်။ အခုဆိုရင် တစ်နိုင်ငံလုံး အတိုင်းအတာ တိုက်ပွဲတွေ၊ စစ်ပွဲတွေ၊ ခုခံတော်လှန်မှုတွေ လုပ်တဲ့အခါမှာ စစ်တပ်ရဲ့ယန္တရားတွေ တော်တော်လေးပြိုပျက်တာက စစ်ရေး အားကောင်းကြောင်း အများကြီးပါတယ်။

> ကျမတို့အတူတကွ ဘုံရည်မှန်းချက်တူ၊ ဘုံရန်သူတူတယ်ဆိုရင် စစ်ရေးအရ အတူတကွ တိုက်မယ်ဆိုရင်တော့ အောင်မြင်မှုခြေလှမ်း ကတော့ အနေးနဲ့အမြန်တော့ ရောက်ရှိနိုင်မှာ ဖြစ်တယ်။

နောက်တစ်ခုကတော့ နိုင်ငံရေးအရ ကျမတို့ တော်လှန်ရေးထဲမှာ ဘယ်လိုပဲစစ်ရေးလုပ်လုပ် အဆုံးသတ်မှာက နိုင်ငံရေး အပြောင်းအလဲပဲ။ နိုင်ငံရေး အပြောင်းအလဲမှာလည်း စစ်ရေးနဲ့အခြားသော နည်းနာတွေနဲ့အတူ ဟန်ချက်ညီဖို့လိုတယ်။ အခြားသော စစ်ရေးတွေ၊ သံတမန်ရေးတွေ၊ လူထု တော်လှန်ရေးတွေ အားကောင်းပြီးတော့ နိုင်ငံရေး အားမကောင်းဘူးဆိုရင် တုံ့ပြန်ဆောင်ရွက်မှုက အားမကောင်းဘူး၊ အရှေ့မသွားဘူးဆိုရင် ဒါကလည်း တဝဲလည်လည်ပဲဖြစ်နေမယ်။ ကြာလာတော့လည်း ကျမတို့ရဲ့ အားနည်းချက်တွေ ဖြစ်လာတယ်။ အထူးသဖြင့် နိုင်ငံရေး ဦးဆောင်နေတဲ့ အင်အားစုတွေအပေါ်မှာ လူထုတွေရဲ့ ယုံကြည်မှုတွေ၊ လေးစား အသိအမှတ်ပြုမှုတွေ အားနည်းလာမယ်၊ အဲ့လိုမျိုးတွေ ဖြစ်လာမယ်။ ဒါမျိုးတွေကလည်း ဟန်ချက်ညီညီနဲ့ဘယ်လိုလုပ်ကြမလဲ။

ပြီးတော့ ကိုယ့်နေရာနဲ့ ကိုယ် ဘယ်လို တုံ့ပြန်ကြမလဲ ဆိုတာကို Coordinate လုပ်ဖို့လိုတယ်။ အပြန်အလှန် Sharing လုပ်ဖို့လိုတယ်၊ အပြန်အလှန်လည်း အသိအမှတ်ပြုပြီးတော့ ယုံကြည်မှု၊ နားလည်မှုတွေ တည်ဆောက်နိုင်ဖို့လိုတယ်။ အဲ့ဒါမှ သာလျှင် ကျမတို့ တစ်ခုခုအပေါ်မှာ တုန့်ပြန် ဆောင်ရွက်တဲ့အခါမှာ ဟန်ချက် ညီမယ်ဆိုရင်တော့ နိုင်ငံတကာရဲ့ အမြင်မှာရော ပြည်သူလူထုတွေ ကျမတို့အပေါ်မှာရော၊ ကျမတို့ အချိန်မှီဆောင်ရွက်ရမယ့် တုံ့ပြန်မှုအပေါ်မှာ ရော အရှေ့သွားမယ်ဆိုရင် ကျမတို့လိုလားတဲ့ ပန်းတိုင်ကို အမြန်ဆုံးရောက်မှာဖြစ်တယ်။ နောက်တစ်ခု ကတော့ တုံ့ပြန် ဆောင်ရွက်တဲ့ နေရာမှာဆိုရင်လည်း အထူးသဖြင့် အင်အားစုတွေကြားထဲမှာ ဟိုအင်အားစု၊ ဒီအင်အားစုမို့လို့၊ သက်တမ်းရင့်တဲ့ Actor မို့လို့ အဲ့လိုမျိုးတွေကို အတတ်နိုင်ဆုံး လျှော့နိုင်သလောက်လျှော့ဖို့ လိုတယ်။ အတူတကွ အားဖြည့်နိုင်တဲ့ အင်အားစုတွေကို အတတ်နိုင်ဆုံးလက်ချိတ်ဖို့လိုတယ်၊ Coordinate လုပ်ဖို့လိုတယ်။ ကျေးဇူးအများကြီး တင်ပါတယ်။



## နာင်းပို့ပို့

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

*အချိန် အကန့်အသတ်နဲ့မို့ ပြန်ပြီး မချုံ့တော့ပါဘူး။ နောက်ဆုံး Speaker ပဒိုတာဒိုမူးကို ဖိတ်ခေါ်ချင်ပါတယ်။ အထူးသဖြင့် Coordination အပါအဝင် Inclusive နဲ့အမျိုးသမီးတွေရဲ့ နိုင်ငံရေးကိုယ်စားပြုမှုကို ဘယ်လို ထည့်သွင်း စဉ်းစားလုပ်ဆောင်သလဲ။ ပဒိုတို့ဆိုရင်လည်း KNU အနေနဲ့ပဲဖြစ်ဖြစ်ပေ့ါ။ တစ်ဖက်မှာလည်း အခြားသော အစုအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ချိတ်ဆက်မှုတွေက အများကြီး လုပ်ဆောင်တဲ့အဖွဲ့ အစည်းဖြစ်တော့လေ အခြားအင်အားစု အသီးသီးတွေရဲ့ အလေးထားမှု အခြေအနေကရော ဘယ်လိုရှိလဲ။ Inclusiveness နဲ့ အမျိုးသမီး ကိုယ်စားပြုမှုလို့ပြောတဲ့အခါမှာ အလိုအလျောက်တော့ ဖြစ်မလာဘူးလေနော်။ အဲ့တော့ အထူး လုပ်ဆောင်ချက်တွေ၊ အထူးစီမံဆောင်ရွက်မှုအနေနဲ့ လုပ်ဆောင်ရတာ ရှိတယ်ဆိုတော့ ပဒိုတို့ အနေနဲ့ကရော ဘယ်လို ထည့်သွင်းစဉ်းစားလဲ၊ အခြား အင်အားစု အသီးသီးတွေရဲ့ အလေးထားမှုကရော ဘယ်လို အခြေအနေရှိသလဲ။ အမျိုးသမီးတွေ ပါဝင်လာဖို့ ဘယ်လို အထူး လုပ်ဆောင်ချက်တွေ ရှိသလဲဆိုတာကို အကျဉ်း ချုပ်ဆွေးနွေးပေးဖို့ ပဒိုကိုအလှည့်ပေးချင်ပါတယ်။*



## ပဒို တာဒိုမူး
### ကရင်အမျိုးသားအစည်းအရုံး

ပထမဦးဆုံးအနေနဲ့ Coordination ကိစ္စက ဆရာမဆဲဆဲလည်း တော်တော်တော့ပြောသွားပါပြီ။ ကျတော်က အဓိက အချုပ်ပဲ ပြောချင်တာက

> Coordination တွေဖြစ်လာဖို့ဆိုရင် ကျတော်တို့ကြားမှာ တစ်ဖွဲ့ ကိုတစ်ဖွဲ့၊ တစ်ယောက်ကို တစ်ယောက် အသိအမှတ်ပြုမှုဆိုတဲ့ Respect နဲ့ Recognition လိုဟာတွေက လိုပါတယ်။

အဲ့လိုမျိုးတစ်ဖွဲ့နဲ့တစ်ဖွဲ့ တစ်ဦးနဲ့တစ်ဦးနားလည်မှုရှိမယ် အပြန်အလှန်တန်းတူညီတူဆက်ဆံရေးနဲ့ အသိအမှတ်ပြုမှုတွေ ရှိလာမယ်ဆိုရင် နောက်တစ်ဆင့် တိုးတက်ပြီးတော့ ဘာတွေလုပ်မလဲ၊ ဘယ်လို ရည်မှန်းချက်၊ ဘုံပန်းတိုင်တွေ၊ ဘုံရည်မှန်းချက်၊ဘုံရည်ရွယ်ချက်တွေ ချမလဲဆိုတဲ့ Consultation တွေ၊ Dialogue တွေနဲ့ သွားရင်းနဲ့ ကျတော်တို့ရဲ့ ဘုံရည်မှန်းချက်ကိုအကောင်အထည်ဖော်နိုင်တဲ့ Coordination လုပ်ငန်းတွေ ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အဖွဲ့အစည်းတွေကြားထဲမှာ ဆရာမဆဲဆဲပြောသလိုပဲ ငါကအဖွဲ့ကြီး၊ သူက အဖွဲ့သေးဆိုတာမျိုးကို မမြင်ဘဲနဲ့ တန်းတူညီတူမြင်ပြီးတော့အကုန်လုံးသူ့နေရာနဲ့သူ တာဝန် ခွဲဝေယူနိုင်တဲ့ ပုံစံတစ်ခုနဲ့ သွားကြဖို့တော့လိုတာပေါ့။ ဘာလို့လဲဆို တော်လှန်ရေးကြီးက တစ်နိုင်ငံလုံးကနေပြီးမှ အတူတကွ ဆက်သွားနိုင်အောင် တော်လှန်စစ်ကြီးအောင်မြင်နိုင်ဖို့ဆိုရင် ရှုထောင့် ပေါင်းစုံက လူတွေ ပါကြဖို့လိုတဲ့ အတွက် ကြောင့်ဖြစ်တယ်။ နောက်တစ်ချက်က Inclusiveness နဲ့ ပတ်သက်ပြီး ပြောချင်တာပါ။ အမှန်တကယ်က ဒီဟာက အရမ်းအရေးကြီးပါတယ်။ အထူးသဖြင့် ဖက်ဒရယ် ထူထောင်တဲ့ ကိစ္စမှာ Inclusiveness ကနိုင်ငံတစ်ခု တွင်းမှာရှိတဲ့ မတူကွဲပြားတဲ့ အတွေ့အကြုံ သော်လည်းကောင်း၊ ပတ်ဝန်းကျင် သော်လည်းကောင်း၊ နောက်ခံတွေ သော်လည်းကောင်း အဲ့ဟာတွေကို ဘက်ပေါင်းစုံကနေ စဉ်းစားပြီးတော့ အတူတကွ ပါဝင်ပြီးတော့ Decision Making တွေမှာသော်လည်းကောင်း၊ အကောင်အထည်ဖော်မှုတွေမှာသော်လည်းကောင်း အဲ့လို ပါဝင်နိုင်မှုဟာ ကျတော်တို့ရဲ့ နိုင်ငံရေးနဲ့ လူမှုရေးပတ်ဝန်းကျင်မှာ ပိုပြီးအားကောင်းစေပါတယ်။

အမျိုးသမီးပါဝင်ခွင့်နဲ့ ပတ်သက်လို့ကတော့ ကျတော်တို့ အဖွဲ့အစည်း ကိုယ်၌ကိုက အဲ့ဒါကိုကြိုးစားနေရတဲ့ အဆင့်ရှိပါတယ်။ ဘာလို့ လည်းဆိုတော့ အထူး လုပ်ဆောင်အချက်အနေနဲ့တော့ မဟုတ်ဘူး

> ကျတော်တို့ရဲ့ Constitution ထဲမှာ (၃၀) ရာခိုင်နှုန်းဆိုတာ သတ်မှတ်ထားပါတယ်။ ဒါပေမယ့် တကယ်လက်တွေ့ကတော့ မပြည့်မှီပါဘူး။ အဲ့ဒါကို ကျတော်တို့ ပြန်သုံးသပ်တဲ့အခါကျတော့ အထူးလုပ်ဆောင်ချက်နဲ့ အလုပ်မဖြစ်ဘဲနဲ့ သေသေချာချာ အခြေခံကျကျမူဝါဒပြုပြင်ပြောင်းလဲမှုကို အောက်ခြေကနေစပြီးတော့ လုပ်ဖို့လိုတယ်ဆိုတာကို သွားတွေ့တယ်။

ဆိုလို ချင်တာကကျတော်တို့ဗဟိုကော်မတီအဆင့်မှာ (၃၀) ရာခိုင်နှုန်း ရှိရမယ်လို့ သတ်မှတ်ထားတယ် ဆိုပေမယ့် ဗဟိုကော်မတီ Level ကို မတက်လာဘူးဆိုရင် (၃၀) ရာခိုင်နှုန်း ပြည့်မှီအောင်မရွေးနိုင်ဘူး။ အဲ့တော့ ဗဟို ကော်မတီ

Level ကိုတက်နိုင်အောင် ခရိုင်အဆင့်က ခေါင်းဆောင်တွေကလည်း သူတို့ခရိုင်အဆင့်မှာ (၃၀) ရာခိုင်နှုန်းမရှိဘူးဆိုရင် သူကလည်း (၃၀) ရာခိုင်နှုန်း ပို့ပေးနိုင်မှာ မဟုတ်ဘူး။ အဲ့လို အဆင့်အဆင့်သော အစီအစဉ်တွေ မချနိုင်ဘူးဆိုရင် ကျယ်ကျယ်ပြန့်ပြန့် မူဝါဒမဖော်ထုတ်နိုင်ဘူးဆိုရင် စာရွက်ထဲမှာပဲရှိပြီးတော့ အကောင်အထည်လက်တွေ့ပေါ်မှာမဟုတ်ဘူး။ဒါကြောင့် ဒီဟာက ကျယ်ကျယ်ပြန့်ပြန့်နဲ့ နက်နက်နဲနဲနဲ့ သေချာ Foundation ကျကျ အကောင်အထည် ဖော်ရမယ့် ကိစ္စဖြစ်တယ်ဆိုတာကို အချိန် အကန့်အသတ်ကြောင့် ကျတော်ဒီလောက်ပဲဆွေးနွေးလိုပါတယ်။



## နာင်းမိုမို

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အနှစ်ချုပ်ပြီး ဆွေးနွေးပေးသွားတဲ့ အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ အကုန်လုံးကို ပြန်ချုပ် ရမယ်ဆိုရင် Panelist တွေအများဆုံးပြောသွားတာက Inclusive လို့ပြောတဲ့အခါမှာ ဗဟို Level မှာပဲ မူထား ထားလို့မရဘူး၊ အောက်ခြေ အဆင့်မှာလည်း မူတွေပြဋ္ဌာန်းထားဖို့လိုတယ်၊ လက်တွေ့ အကောင်အထည်ဖော်ဖို့ လိုတယ်။ အဆင့်တိုင်းမှာ လုပ်နေမှလည်း တကယ့် ဗဟိုကိုရောက်လာမယ်ဆိုတာ ဆွေးနွေးပေးသွားတယ်။ နောက်ဆုံးအနေနဲ့ Panelist တစ်ယောက်ချင်းစီကို တစ်မိနစ်အချိန်ပေးချင်တယ်။ အထူးသဖြင့် ပြည်သူလူထု တွေကိုပဲဖြစ်ဖြစ် အခြားသော Key Actor တွေကိုပဲဖြစ်ဖြစ် ပြောချင်တဲ့စကားတွေကို သတင်းစကားပါးပေးဖို့ တိုက်တွန်း စကားပြောပေးဖို့ တစ်ယောက်တစ်မိနစ် အချိန်ပေးချင်ပါတယ်။ ပဒိုတာဒိုမူးနဲ့ပဲ အရင်ဆုံးစချင် ပါတယ်။



## ပဒို တာဒိုမူး

ကာရင်အမျိုးသားအစည်းအရုံး

ကျတော်နောက်ဆုံးမှာ ကြားလိုတဲ့ ကိစ္စတစ်ခုကတော့ ကျတော်တို့ အကုန်လုံးက တော်လှန်ရေးသမား တွေဖြစ်တဲ့ အတွက်ကြောင့် စစ်ရေးနဲ့နိုင်ငံရေးနဲ့က ခေါင်းနဲ့ပန်းလိုမျိုး အဲ့လိုမျိုးအမြင်ရှိအောင် ကြိုးစားကြရင်းနဲ့ စစ်ရေးလုပ်ဆောင်တဲ့ကိစ္စက နိုင်ငံရေးရည်မှန်းချက်ကို ထောက်ကူရမှာဖြစ်သလို နိုင်ငံရေး လုပ်ဆောင်ချက် ကလည်း စစ်ရေးအတွက် အနောက်အယှက်မဖြစ်အောင် ကျတော်တို့ အဲ့ဒီ အခြေခံကနေ သွားကြမယ်ဆိုရင် ပိုပြီး ကျစ်လျစ်မြန်ဆန်တဲ့ နှုန်းနဲ့ စစ်အောင်စီကို ဖြိုချနိုင်မှာဖြစ်ပါတယ် ဆိုတာကို ပြောကြားလိုပါတယ်။ ကျေးဇူး တင်ပါတယ်။



## နော်ဆဲဆဲ

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

ကျမကတော့ အထူးသဖြင့် အမျိုးသမီးရှုထောင့်နဲ့ပြောချင်တာကတော့ ကျမတို့လက်ရှိတော်လှန်ရေး မှာ အမျိုးသမီးတွေရဲ့ အင်အားစုတွေ အထူးသဖြင့် Gender အခြေပြုတဲ့အင်အားစုတွေက အများကြီးပါဝင် လာတယ်။ ကျမတို့နိုင်ငံပြုပြင်ပြောင်းလဲမှု၊ နိုင်ငံတည်ဆောက်မှုကို လုပ်ဆောင်တဲ့အခါမှာ ဒီအင်အားစုတွေကို အသုံးပြုရမှာ ဖြစ်တယ်။

အသုံးမပြုဘူးဆိုရင် ဆုံးဖြတ်ချက်ချမှတ်တဲ့ နေရာမှာပဲပြောပြော၊ နိုင်ငံတည်ဆောက်မှု မှာပဲ ပြောပြောလွှမ်းခြုံမှုလည်းမရှိသလို ကိုယ်စားပြုမှုကလည်းမရှိနေဘူး။ ပြောရမယ်ဆိုရင် လူဦးရေထက်ဝက် ကျော်က အမျိုးသမီးတွေဖြစ်တယ်။

> လူဦးရေ (၆၀) ရာခိုင်နှုန်းကျော်သော အမျိုးသမီးက ဒီတော်လှန်ရေးထဲမှာ ပါဝင်နေတယ်။ သူတို့ရဲ့ကိုယ်စားပြုမှု၊ သူတို့ရဲ့အသံ၊ သူတို့ရဲ့ စွမ်းရည်တွေကို ကျမတို့ အသိအမှတ်ပြုဖို့လိုတယ်။ အဲ့ဒါမှသာလျှင် ကျမတို့ဘယ်နေရာမှာ ဘယ်အခြေခံပြီးမှ အသုံးပြုရမလဲဆိုတာကို ကျမတို့သိမှာဖြစ်တယ်။

ကျမတို့ဒီလိုအင်အားကို ဒီနိုင်ငံပြုပြင်ပြောင်းလဲမှုမှာ မသုံးဘူးဆိုရင် ကျမတို့အတွက် တော်တော်ကိုအားနည်းတဲ့ လျော့တဲ့အင်အားတစ်ခုဖြစ်သွားနိုင်တယ်။ အဲ့ဒါတွေကို မြင့်တင်ပေးပါ။
အထူးသဖြင့် တစ်ဦးတစ်ယောက်ပဲ ပြောပြော တစ်စုတစ်ဖွဲ့ပဲပြောပြော၊ တော်လှန်ရေး အဖွဲ့အစည်းတွေပဲ ပြောပြော ဒီဂျဲန်ဒါတန်းတူရေးကို အတူတကွ မြင့်တင်ဖို့ တိုက်တွန်းချင်တယ်။ ပြီးရင် ဂျဲန်ဒါတန်းတူရေး ဖြစ်လာဖို့အတွက်ကို ရှိနေတဲ့ အင်အားတွေ ကို အသုံးပြုစေချင်ပါတယ်။ ပြီးရင် ရှိနေတဲ့ အမျိုးသမီးတွေရဲ့ အရည်အချင်းကိုလည်း အသုံးချစေချင်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။



## SOPHIA DAY MYAR
### Karenni State Sonsultative Council

အခုဒီမှာရှိတဲ့ ခေါင်းဆောင်တွေ အတွေ့အကြုံတွေ ဝေမျှသွားတယ်။ လက်ရှိဖြစ်နေတဲ့အနေအထား အပေါ်မှာ အများကြီးခြုံငုံပြီး သုံးသပ်သွားတဲ့ အပေါ်မှာလည်း အများကြီးလေ့လာသင်ယူရပါတယ်။ ရေရှည် အတွက်ကတော့ ဒီတော်လှန်ရေးမှာတော့ အမြဲတမ်း ကိုယ့်ကိုယ်ကို စိန်ခေါ်ပြီးပြောင်းလဲနေဖို့ လိုအပ်ပါတယ်။

> ကျမတို့က အပြောင်းအလဲတစ်စုံတစ်ရာကို သွားနေတဲ့အခါမှာ မိမိကိုယ်တိုင်သော်လည်းကောင်း အဖွဲ့ထဲမှာ သော်လည်းကောင်း ကျမတို့လိုချင်တဲ့ အပြောင်းအလဲကို ကိုယ်တိုင်ကစပြီး ပြောင်းလဲယူရမယ်လို့ ယုံကြည်တယ်။

၂၀၂၁ တကြော့ပြန် စစ်အာဏာသိမ်းမှု ကြိုးစားပြီး နောက်ပိုင်းမှာ ကျမတို့ Generation တွေအတွက်ရော ပြီးခဲ့တဲ့ တော်လှန်မျိုးဆက် အသီးသီးအတွက်ရော ကျမတို့အတွက် Life Changing အတွေ့အကြုံတွေ အများကြီး ဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျမတို့ဒီလိုပြောင်းလဲမှုတွေပြီးနောက်မှာ တစ်ဆင့်ပြီးတစ်ဆင့် လာမှာက ဒီထက်ပိုပြီးကောင်းမွန်တဲ့ စနစ် ဒီထက်ပိုပြီးလိုချင်တဲ့ပန်းတိုင်ကို လိုချင်တဲ့တန်ဖိုးတွေနဲ့ တည် ဆောက်မယ့် စနစ်သွားဖို့လိုအပ်ပါတယ်။ တောက်လျှောက်ကတော့ အမြဲတမ်းပြန်လည်သုံးသပ်နေရမယ်။ မိမိ အဖွဲ့အစည်းအတွင်းသော်လည်းကောင်း မှုပိုင်းဆိုင်ရာကို တကယ့်ကို ပြောင်းလဲမှု တစ်ခုဖြစ်အောင်လို့ ဝိုင်းဝန်းပြီး လုပ်ကြကိုင်ကြမယ်ဆိုရင် အခုလိုပဲ တဖြည်းဖြည်း အပြောင်းအလဲကို သွားနိုင်မယ်လို့ ထင်ပါတယ်။ ကျေးဇူး အများကြီးတင်ပါတယ်။



## နိုးနိုးထက်စံ

**လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**

ကျမကတော့ စစ်အာဏာရှင်စနစ် မပြုတ်ကျဘူးဆိုရင် ကျမတို့နိုင်ငံဟာ ဖက်ဒရယ်ဒီမိုကရေစီ ဘယ်တော့မှ တည်ဆောက်လို့ မရဘူးလို့ ယုံကြည်ပါတယ်။ ဒါကလက်တွေ့ကျတဲ့ဟာ ပြန်ကြည့်လို့ရပါတယ်။ ဒီမိုကရေစီ အကူးအပြောင်းကာလလို့ ယူဆလို့ရတဲ့ အချိန်ကာလမှာ စစ်တပ်ကိုမျက်နှာသာသွားမှုလိုက်ရင် ကျမတို့ ဘယ်တော့မှ အပြောင်းအလဲ တစ်ခု မရဘူးဆိုတာပေါ်တယ်။ ဒါကဒီအချိန်မှမဟုတ်ဘူး၊ ဟိုးအရင်တုန်းကလည်း ဒီလိုပဲ။ ဒါကြောင့်မို့ဒါကိုတော့ နှလုံးသွင်းထားကြပါလို့တိုက်တွန်းချင်ပါတယ်။



## သွင်လင်းအောင်

**စစ်အာဏာရှင်စနစ်တိုက်ဖြုတ်ရေး အထွေထွေသပိတ်ကော်မတီ**

ပထမတစ်ခုအနေနဲ့ ပြည်သူလူထုကိုကျေးဇူးတင်ကြောင်းပြောချင်တယ်။ အခုကျတော်တို့က နိုင်ငံတော်ကာကွယ်ရေး ကိစ္စကို မလုပ်ဘဲနဲ့ နိုင်ငံရေးကို ဝင်ရောက်စွက်ဖက်နေတဲ့ စစ်တပ်ကို အမြစ်ဖြတ်ဖို့အတွက် လုပ်နေကြတယ်။ ဒါကလည်း မြန်မာပြည်ရဲ့ အဓိက ပြဿနာဖြစ်တဲ့အတွက် အဲ့လိုလုပ်တဲ့အခါမှာ လက်နက် ကိုင်တော်လှန်ရေးကို မဖြစ်မနေ ရွေးချယ်ရတဲ့အတွက် စစ်ဘေး စစ်ဒဏ်ကလည်း ဘေးကနေပါလာတယ်။ စကစအနေနဲ့ကလည်း ပိုပြီးတော့ တောင် ဖျက်ဆီးမှုတွေ လုပ်လာမယ်ဆိုတာမျိုး ပြောလာတော့ စစ်ဘေးစစ်ဒဏ် တွေကို ပြည်သူလူထုက ခံစားနေရတယ်။ ဒါပေမယ့် အဲ့လို ခံစားနေရတဲ့ တစ်ပြိုင်နက်တည်းမှာကိုပဲ ဒါဟာ ဒီစစ်တပ်ကို ဖယ်ရှားနိုင်မှ ကျတော်တို့နိုင်ငံမှာ ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရမယ်ဆိုတာကို လက်ခံပြီးမှ အခုလိုမျိုး စစ်ဘေးစစ်ဒဏ်ခံစားနေရတဲ့ကြားထဲကိုမှ လက်ခံပြီးတော့ ယုံကြည်ပေးနေတဲ့ပြည်သူလူထုကို ကျေးဇူးတင် တယ်ဆိုတာကိုပြောချင်တယ်။ တစ်ပြိုင်နက်တည်းမှာပဲ တော်လှန်ရေး မှာဦးဆောင်နေတဲ့လူတွေကလည်း အဲ့ဒီ ပြည်သူလူထုခံစားနေရတဲ့ စစ်ဘေး စစ်ဒဏ်တွေကို အမြန်ဆုံးပြေပျောက်အောင် လို့ ဒီတော်လှန်ရေးကို ပိုပြီးမှ မြန်မြန်ဆန်ဆန် အပြီးသတ်နိုင်အောင်လို့ ညီညွတ်ရေးကိုပိုပြီးမှ တည်ဆောက်ဖို့လိုတယ်ဆိုတာ တိုက်တွန်းချင် ပါတယ်။ နောက်ဆုံး အချက်အနေနဲ့ကတော့ စစ်မှုမထမ်းမနေရဥပဒေပြဌာန်းလိုက်တဲ့ဟာက သာမန်ပြည်သူနဲ့ လူငယ်တွေအတွက်ကို သက်သက်ကိုဖိနှိပ်မှု၊ ဒုက္ခရောက်အောင်လုပ်ဆောင်မှုဖြစ်တယ်။ သာမန် လူငယ်တွေရော ပြည်သူတွေရောကို တိုက်တွန်းချင်တာက တပ်ထဲကိုပါ မသွားဖို့လိုတယ်။ အဲ့အတွက် တော်လှန်ရေး အင်အားစုတွေနဲ့ ချိတ်ဆက်ပြီးတော့ အတတ်နိုင်ဆုံး ရှောင်တိမ်းဖို့လိုတယ်။ တကယ်လို့ ပါသွားခဲ့ရင်လည်း ပါသွားတဲ့အဆင့်မှာ ထပ်ပြီးတော့ ရှောင်တိမ်းဖို့ကို လုပ်ဆောင်ဖို့လိုတယ်လို့ တိုက်တွန်းချင်တယ်။ ပြီးတော့ ဒီအဖွဲ့တွေကို လက်ခံမယ့် လူတွေကလည်း တော်လှန်ရေး အင်အားစုတွေဘက်ကို ရောက်လာတဲ့ လူတွေအားလုံး က စစ်တိုက်ဖို့ဖြစ်ချင်မှဖြစ်မယ်။ တစ်ဖက်ကလည်း သူတို့က အခြားသောဒုက္ခတွေနဲ့ ရောက်လာတာတွေ လည်းရှိမယ်။ အားလုံးကို လက်ခံဖို့လိုမယ်လို့ တိုက်တွန်းချင်တယ်။ နိုင်ငံတကာကိုလည်း ဒီကနေမှ တစ်ခါ တည်း တိုက်တွန်းချင်တာက အဲ့ကိစ္စက အထူးသဖြင့် အိမ်နီးချင်း နိုင်ငံတွေအတွက် Stay Over Effect အကြီးကြီး ဖြစ်လာနိုင်တဲ့ ကိစ္စဖြစ်တဲ့အတွက် ငြိမ်မနေဘဲနဲ့ ဝင်ရောက်ပြီးတော့ ပြောဆိုသင့်တာ ပြောဆိုပြီး တော့မှ စကစကို ပိုပြီး အရေးယူသင့်တာတွေ ပြတ်ပြတ်သားသား လုပ်ဆောင်သင့်တာကို တိုက်တွန်းချင်ပါတယ်။




## နှင်းမိုမို

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)


ဆွေးနွေးပေးသွားတဲ့ Panelist တွေ Speaker တွေအားလုံးကို ကျေးဇူးတင်တယ်။ ကျမတို့ နှစ်နာရီ နီးပါး အချိန်မှာဆိုရင် အများကြီး ဆွေးနွေးနိုင်ခဲ့တယ်။ အထူးသဖြင့် ဒီမှာဆိုရင် Bottom–Up federalism က ဘယ်လောက် အထိ အရေးကြီးတယ်။ တစ်ပြိုင်နက်တည်းမှာ အခုတော်လှန်ရေး ကာလမှာတင်ကိုမှ ဖက်ဒရယ် အခြေခံမူတွေကို ဘယ်လောက်အထိ စတင်ပြီးတော့ ကျင့်သုံးဖို့လိုတယ်၊ အကောင်အထည်ဖော်ဖို့ လိုတယ်ဆိုတဲ့ ကိစ္စတွေ ကျမတို့ အများ ကြီး ဆွေးနွေးခဲ့ကြတယ်။ တစ်ဖက်မှာက ပြည်နယ်တွေ အားကောင်းဖို့ကို ကြိုးပမ်းဖို့ လိုသလိုမျိုး တစ်ဖက်မှာ ကျမတို့ မြင်ချင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုက ဘယ်လိုလဲဆိုတာ အကုန်လုံး ကြားမှာ ဘုံသဘောတူညီမှု ယူထားဖို့ လိုတယ်ဆိုတာကို ဆွေးနွေးခဲ့ကြတယ်။ တော်လှန်ရေးကတော့ တော်လှန်ရေးရဲ့လိုအပ်ချက်အရ စစ်ရေးတော်လှန်ရေး အပါအဝင် နိုင်ငံရေးအရ တော်လှန်နေရတာလည်း အများကြီးဖြစ်တယ်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် အပြန်အလှန် ထိန်းကျောင်းမှုတော့ ရှိရမယ်ပေါ့။ နိုင်ငံရေးအရ တော်လှန်တာကလည်း စစ်ရေးရဲ့ မျှော်မှန်းချက်တွေကို အထောက်အပံ့ ဖြစ်ဖို့ လိုသလိုမျိုး စစ်ရေးကလည်း နိုင်ငံရေးရဲ့ ရည်မှန်းချက်တွေကို အထောက်အပံ့ ဖြစ်စေဖို့ဆိုတာကိုလည်း ဆွေးနွေး သွားတာတွေရှိတယ်။ တစ်ဖက်မှာက အခုပေါ်ပေါက်လာတဲ့ တော်လှန်ရေး အခင်းအကျင်း အင်အားစုတွေ ကြားထဲမှာဆို ရင်လည်း ညှိနှိုင်းမှုတွေ  ပူးပေါင်းဆောင်ရွက်မှုတွေကလည်း ဒီထက်ပိုပြီး လုပ်ဆောင်သင့်တယ်ဆိုတာကိုလည်း အများ ကြီး ဆွေးနွေးခဲ့ကြတယ်။ ပူးပေါင်းဆောင်ရွက်မှုလို့ ပြောတဲ့အခါမှာ အချင်းချင်းကြားအပြင် နိုင်ငံတကာနဲ့ ပူးပေါင်း ဆောင်ရွက်မှု၊ ပြည်သူလူထုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကအစ ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ ဒါမှပဲ ကျမတို့သွားချင်တဲ့ ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုကို ရောက်ရှိနိုင်မှာ ဖြစ်တယ်ဆိုတာကို ဆွေးနွေး အကြံပြုခဲ့ကြတယ်။ အထူးသဖြင့် စကစက လက်ရှိမှာ စစ်တပ်က ယိုင်နဲ့နေပြီဖြစ်တယ်။ သူကတော့ အစွမ်းကုန် ရှိတာတွေ အကုန်ထုတ်သုံးပြီးတော့ တ ကယ့်ကို ယိုင်နဲ့နဲ့ဖြစ်နေတဲ့ အနေအထားဖြစ်တဲ့အတွက်ကြောင့်မို့ တော်လှန်ရေး အင်အားစုတွေ အနေနဲ့ဆိုရင်တော့ အခွင့်အလမ်းတစ်ခုလိုမျိုးယူပြီးတော့ ပူးပေါင်းဆောင်ရွက်မှု၊ ချိတ် ဆက်ဆောင်ရွက်မှုတွေနဲ့ သဘောထားကြီးကြီးနဲ့ သွားမယ်ဆိုရင် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနဲ့ မဝေး ဘူးဆိုတဲ့ဟာပေါ့။ ဒီလိုလုပ်ဆောင်တဲ့အခါမှာ တော်လှန်ရေး အင်အားစုအချင်းချင်းကြားမှာဆိုရင်လည်း အပြန်အလှန် အသိအမှတ်ပြုမှုတွေ၊ လေးစားမှုတွေ၊ ယုံကြည်မှုတွေ၊ ဘယ်သူ့ ကိုမှ မချန်ထားဘဲနဲ့ အကုန်လုံး ပူးပေါင်းပါဝင်မှု တန်းတူညီမျှကို အကုန်လုံး အလေးထားပြီးတော့ လုပ်ဆောင်ဖို့လိုတယ် ဆိုတာ ဆွေးနွေးပေး သွားတဲ့အတွက်လည်း အရမ်းကိုကျေးဇူးတင်တယ်။

နောက်ဆုံးအနေနဲ့ကတော့ တိုက်တွန်း အကြံပြုသွားတာကို ကျေးဇူးတင်တယ်။ အထူးသဖြင့် ဒီရက်ပိုင်းတွေမှာ လူငယ်တွေက စစ်တပ်ရဲ့ စစ်မှု မထမ်းမနေရ ဥပဒေကို အသက်သွင်းလိုက်တဲ့အခါမှာ လမ်းပျောက်နေကြတယ်။ တစ်ဖက် မှာလည်း ဒီအချိန်မှာမှ တော်လှန်ရေး အင်အားစုဘက်ကိုလာတယ်ဆိုရင် သူများကိုယ့်ကိုယုံကြည်ပဲ့ါမလား၊ လက်ခံပဲ့ါမ လားဆိုတဲ့ဟာမျိုးပေါ့။ ဆိုတော့ ကျမတို့ရဲ့ လုပ်ဖော်ကိုင်ဖက်၊ အချို့သောအထဲမှာ ကျန်နေခဲ့တဲ့သူတွေ၊ အကြောင်းအမျိုး မျိုးကြောင့် မထွက်နိုင်တဲ့ လူတွေကအစ ထွက်ပြေးဖို့၊ တိမ်းရှောင်ဖို့တွေ စဉ်းစားလာကြတယ်။ ဒါပေမယ့် သူတို့တွေမှာ ငါ တို့ကိုလက်ခံပဲ့ါမလား ငါတို့ဘာလုပ်ရမလဲဆိုတဲ့ စိုးရိမ်ချက်တွေရှိတယ်။ ဒါကိုလည်း အထူးသဖြင့် ဆရာ သွင်လင်းအောင် ကနေမှ ဘာလိုပဲဖြစ်ဖြစ် တော်လှန်ရေး အင်အားစုတွေဘက်ကလည်း လက်ခံဖို့လိုတယ်။ ဒါပေမယ့် ထွက်လာတဲ့ လူငယ် တွေသည် စစ်တိုက်ဖို့ တစ်ခုတည်း ဖြစ်ချင်မှ ဖြစ်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒါတွေကို လက်ခံပြီးတော့ အဲ့ဒီလူတွေသည် ဒီ ဘက်ကို ပါလာဖို့နဲ့ လာတဲ့အခါမှာလည်း လက်ခံပေးဖို့၊ နိုင်ငံတကာ အထူးသဖြင့် အိမ်နီးနားချင်းတွေကလည်း ဒီကိစ္စတွေ ကိုလည်း အလေးထား ဆောင်ရွက်သင့်တဲ့ဟာကို တိုက်တွန်း ဆွေးနွေးပေးသွားတဲ့အတွက် အများကြီး ကျေးဇူးတင်တယ်။

ကျမတို့ မြန်မာနိုင်ငံသည် နှစ်ပေါင်း (၇၀) ကျော် ကြာပြည်တွင်းစစ်၊ ကျမတို့ ဘယ်တော့မှ ကိုယ်ပိုင်ပြဌာန်းခွင့်၊ တန်းတူအခွင့်အရေးကို မရရှိခဲ့ဘူး။ ဘယ်လိုပဲ ဖြစ်ဖြစ် အခုချိန်မှာ အကြပ်အတည်းတွေ၊ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေ

အများကြီးရှိတယ်။ ဒီဟာတွေကို ကျော်လွှားနိုင်ပြီးတော့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ တန်းတူရေးကို အာမခံနိုင်တဲ့ ဖက်ဒရယ် ပြည်ထောင်စုကြီး ရောက်ရှိဖို့ကို ကျမအနေနဲ့လည်း မျှော်လင့်တယ်။ မျှော်လင့်နေရုံနဲ့လည်း မပြီးဘူး။ ဆရာတွေ၊ ဆရာမ တွေ ဆွေးနွေးသွားသလိုမျိုး ဒီလိုတွေ ရောက်ရှိဖို့အတွက် အကောင်အထည်ဖော်နိုင်ဖို့အတွက် ကျမတို့အကုန်လုံးက ဝိုင်းဝန်းပြီးတော့ ပူးပေါင်းဆောင်ရွက်လုပ်ဆောင်ရင်းနဲ့ အိမ်မက်ပန်းတိုင်ကို အရောက်သွားကြမယ်လို့ ပြောဆိုရင်းနဲ့ပဲ ကျမတို့ရဲ့ Live ကိုရပ်နားမှာဖြစ်ပါတယ်။

ပါဝင်ဆွေးနွေးပေးသွားတဲ့ ဆရာ၊ ဆရာမတွေ အကုန်လုံးကို အရမ်းပဲ ကျေးဇူးတင်ပါတယ်။ နားထောင်ပေးတဲ့ အယောက်စီတိုင်းကိုလည်း အများကြီးကျေးဇူး တင်ပါတယ်ရှင့်။

